မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၀၇)

မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

■ အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တောင်ကြီးမြို့ စုဠာမုနိလောကချမ်းသာစေတီတော်ရှိ ကဿပဘုရား ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျိုင်းခမ်းရေလှောင်တမံလုပ်ငန်းများ ကြည့်ရှုစစ်ဆေး စိုက်ပျိုးရေပေးဝေရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး အလေးဂရုပြုလုပ်ဆောင်ဆည်ရေများ အလဟဿမဖြစ်စေဘဲ အကျိုးရှိစွာ အသုံးပြုနိုင်အောင် စီမံဆောင်ရွက်

နေပြည်တော် ဧပြီ ၂၈

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်လျက်ရှိသော ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၂၉ ရက်)

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာစေရေး လယ်ယာကုန်ထုတ်လုပ်မှု မြင့်မားရေး ကြိုးပမ်း

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။

နယ်မြေဒေသအလိုက် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်နိုင်ရေး စီမံဖြည့်ဆည်းပေးနေသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရရှိရေးနှင့် ခေတ်မီစိုက်ပျိုးနည်းပညာများ အသုံးပြုရေး အစီအမံများချမှတ်၍ ရပ်စောက်မြို့နယ် ကျောက်ဂူကျေးရွာအုပ်စု၌ ၂၀၀၅ခုနှစ်က မြေလွတ်မြေရိုင်းများဖော်ထုတ်ကာ ကျောက်ဆုံး နှစ်ရှည်နှင့်ရာသီသီးနှံ စိုက်ကွင်းကို အကောင်အထည်ဖော်ခဲ့သည်။

ယခုအခါ ဖော်ထုတ်ပြီးမြေနေရာများ၌ စိန်တစ်လုံးသရက်၊ ရင်ကွဲသရက်၊ တညင်း အပါအဝင် နှစ်ရှည်သီးနှံများကိုလည်းကောင်း၊ ရာသီသီးနှံအနေဖြင့် အစေ့ထုတ်ပြောင်း၊ ပဲယဉ်း၊ ပဲကြီး၊ မြေပဲ၊ ပဲနမ်းနှင့်နေကြာတို့ကိုလည်းကောင်း စိုက်ပျိုးလျက်ရှိသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဧက၈၀၀၀ အပြည့်အဝဖော်ထုတ်ပြီး နှစ်ရှည်သီးနှံနှင့် ရာသီသီးနှံများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ တိုင်းရင်းသား စိုက်ပျိုးရေးလုပ်ငန်းရှင်များကလည်း ကျောက်ဂူကျေးရွာအုပ်စု၌ မြေလွတ်မြေရိုင်းများဖော်ထုတ်၍ နှစ်ရှည်သီးနှံနှင့် ရာသီသီးနှံများ စိုက်ပျိုးလျက်ရှိသည်။

ဒေသ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းပြီး လက်ငင်းဝင်ငွေရရှိမည့် ရာသီသီးနှံများအပြင် ရေရှည်အကျိုးရှိမည့် နှစ်ရှည်ပင်များကို ဦးစားပေးစိုက်ပျိုးပြီး ထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးဆလုပ်ဆောင်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုသည် သီးနှံစိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များက ဆန်စပါးနှင့် ဈေးကွက်ဝင်သီးနှံများ ပိုမိုစိုက်ပျိုးလျက်ရှိရာ နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုရှိသည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုနေသည်။ နိုင်ငံ၏ လက်ရှိလူဦးရေအတွက်ပါ စားနပ်ရိက္ခာဖူလုံပိုလျှံသည်သာမက နောင်တိုးပွားလာမည့် လူဦးရေအတွက် ဖူလုံစွာစားသုံးနိုင်ရေး မျှော်မှန်းပြီး နိုင်ငံတော်က အစီအမံများ ချမှတ်ဖော်ဆောင်နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ တောင်သူလယ်သမားကြီးများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ စားနပ်ရိက္ခာဖူလုံပိုလျှံရေးကို ရှေးရှုပြီး ရာသီအလိုက် သီးထပ်သီးညှပ်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ သီးနှံများအောင်မြင်ဖြစ်ထွန်းရေး၊ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုမြင့်မားရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ မြန်အောင်မြို့နယ် မမြရေလှောင်တမံ စီမံကိန်းတွင် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မမြရေလှောင်တမံနှင့် ကညင်ချောင်းရေလှောင်တမံ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၈

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၀ရက် နံနက်ဖြောရီက ပုသိမ်ဘူတာရုံမှ(RBE)-၂၄၅၁ အထူးရထားဖြင့် ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်းအတိုင်း ရထားသံလမ်းများ ကြံ့ခိုင်ထိန်းသိမ်းထားမှု၊ လမ်းဘူတာများ သန့်ရှင်းစွာဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ရေကြည်မြို့နယ် ဇရပ်လှကျေးရွာ အထကခွဲတွင်လည်းကောင်း၊ ကျုံပျော်မြို့နယ် ဒိုက်ပျက်ကျေးရွာအုပ်စု မဟာကုသလရာမကျောင်းတိုက် ဓမ္မာရုံတွင်လည်းကောင်း၊ ဟင်္သာတမြို့နယ်ရှိ ယုံတလင်းဘူတာနှင့် ဘုရားကုန်းဘူတာတွင်လည်းကောင်း၊ မြန်အောင်မြို့နယ် တဲကြီးကုန်းဘူတာတွင်လည်းကောင်း ဒေသပြည်သူများအားတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

မမြရေလှောင်တမံ

ဧပြီ ၂၁ရက်တွင် မမြရေလှောင်တမံ စီမံကိန်း ပင်မမြောင်းပေါ်မှ မမြချောင်းသို့ ရေကျော်လုပ်ငန်းဆောင်ရွက်နေမှု၊ ပင်မမြောင်း ဝဲ/ယာ နွေစပါးစိုက်ပျိုးထားမှုနှင့် (DROP-5)တွင် 5-KV နှစ်လုံးဖြင့် ပတ်ဝန်းကျင် ကျေးရွာမီးလင်းရေးဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ မမြရေလှောင်တမံ စီမံကိန်းသည် မြန်အောင်မြို့နယ် မျဉ်းဝါးတောင်ကျေးရွာအနီးတည်ရှိပြီး မြေသားတမံ အမျိုးအစားဖြစ်ကာ အလျားပေ ၁၁၈၀၀၊ အမြင့်ပေ ၁၅၀ရှိကာ ဧက ၁၀၀၀၀ အကျိုးပြုမည်ဖြစ်သည်။

ကညင်ချောင်းရေလှောင်တမံ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကညင်ချောင်းရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိပြီး ရေပိုလွှဲလုပ်ငန်းနှင့် တမံမြေကြီးလုပ်ငန်းများအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုအခြေအနေ၊ ကုန်းကြောတမံနှင့် ပင်မတမံ မြေကြီးလုပ်ငန်းပြီးစီးမှု ရေပိုလွှဲနှင့်ရေအားလျှပ်စစ်ထုတ်ယူရန် စီစဉ်ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကညင်ချောင်း ရေလှောင်တမံသည် အင်္ဂပူမြို့နယ် တပ်ကုန်း ကျေးရွာအနီးတည်ရှိပြီး မြေသားတမံ အမျိုးအစားဖြစ်ကာ ပင်မတမံ အလျား ပေ ၃၇၁၀၊ ကုန်းကြောတမံ ပေ ၂၈၅၀ နှင့် အမြင့် ၁၉၆ပေ ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧက ၁၄၈၈၀၀ ဖြစ်ကာ ဧက ၂၅၀၀၀ အကျိုးပြုမှာဖြစ်ပြီး ၂ဒသမ၅ မဂ္ဂါဝပ် နှစ်လုံးတပ်ဆင်ကာ လျှပ်စစ်ဓာတ်အားထုတ်ယူရန် ဆောင်ရွက်ထားသည်။ **(သတင်းစဉ်)**

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေသိမ်တော် သမဏာသုခါဝါသ သုံးထပ်ကျောင်း မုခ်ဦး၊ အုတ်တံတိုင်းများ ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း အမှတ်(၄)ဝိုင်းရှိ ရွှေသလ္လာပရိယတ္တိစာသင်တိုက် အတွင်းဆောက်လုပ်ပြီးစီးသော ရွှေသိမ်တော် သမဏာသုခါဝါသ သုံးထပ်ကျောင်းမုခ်ဦး၊ အုတ်တံတိုင်းများ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ၂၇ရက်က ကျင်းပသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက သုဝဏ္ဏ စစ်ကိုင်းစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တဓမ္မာနန္ဒ(အဂ္ဂမဟာပဏ္ဍိတ) နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ရေဂါလန် ၁၀၀၀၀ဆံ့ ရေတိုင်ကီနှင့် ရေစင်ဆောက်လုပ်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပပြီး ရွှေသလ္လာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိဒဇဇထံမှ အနုမောဒနာ တရားနာကြားပြီး ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၁၉)

မြဝတီရုပ်မြင်သံကြား

၂၉-၄-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၃၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ ဝတ်စားဆင်ယင် လှစေချင်
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၁၈)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဗွီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း-၆)

ငွေပဒေသာပင်လှူဒါန်း

ဦးတင်အောင်-ဒေါ်ညွှန့်လေးတို့အား ရည်စူး၍ အမှတ်(၉) ဗိုလ်စောဦးလမ်း ကြည့်မြင်တိုင်မြို့နယ်နေ ဦးစိန်ကြည်နှင့် သားသမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးနှင့် ငွေပဒေသာပင် အလှူငွေကျပ် ၃၂၅၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

■ *ကျော်ဖုံးမှ*

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထိရောက်အောင်မြင်

နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာ၌ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နီးနွယ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကြီးသည်လည်း ဟန်ချက်ညီညီ အဓိကအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက်လည်း အသင်းကြီး၏ ယုံကြည်ချက်စာတမ်းနှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့် ကလေးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝ အဆင့်အတန်းမြင့်မားလာစေရေးအတွက် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ် နိုင်ငံတော်အစိုးရကဥပဒေအမှတ်၂၁/၉၀ကို ထုတ်ပြန်ပြီး ၁၉၉၁ခုနှစ် ဧပြီလ၃၀ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယနေ့ဆိုလျှင် သက်တမ်း ၁၇နှစ် ပြည့်ခဲ့ပြီးဖြစ်သည့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးနှင့် အသင်းခွဲများ အဆင့်ဆင့်သည် လွန်ခဲ့သော ၁၇နှစ်လုံးလုံး မြန်မာနိုင်ငံအတွင်းမှာရှိသည့် မိခင်များနှင့် ကလေးများအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်ကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ ကျယ်ပြန့်စွာ ဖြန့်ကြက်ဆောင်ရွက်လျက်ရှိကြသည့် အသင်းဝင်များ၏အင်အားသည် နှစ်စဉ် ပိုမိုတိုးပွားလာခဲ့ရာ ယခုနှစ်မှာ ကိုးသန်းကျော်ရှိခဲ့ပြီး ပြည်သူတို့အတွက် ကျန်းမာရေးဖွံ့ဖြိုးမှုကို သက်ဆိုင်ရာ ကျန်းမာရေးဌာန ဝန်ထမ်းများနှင့်ပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်ကို များစွာ ဂုဏ်ယူပါကြောင်း ပြောကြားလိုပါကြောင်း။

လက်တွဲညီညီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူတို့၏ ကျန်းမာရေးနှင့်စပ်လျဉ်းပြီး ၂၀၁၅ ခုနှစ်မှာ ပြည့်မီရမည့် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များဖြစ်သည့် မိခင်ကျန်းမာရေးပိုမိုတိုးမြှင့်လာစေရေး၊ တစ်နှစ်အောက်နှင့်ငါးနှစ်အောက်ကလေး သေဆုံးမှုလျော့နည်းစေရေးတို့ကို ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး အနေဖြင့်လည်း အခြားလူမှုရေး အဖွဲ့အစည်းများဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်းစသည့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် လက်တွဲညီညီ ပူးပေါင်းလျက် အရေးပါသော အခန်းကဏ္ဍမှ ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ပါကြောင်း။

ပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များကိုလည်း ထိရောက်စွာဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည့် အသင်းအဆင့်ဆင့်မှ အသင်းဝင်အားလုံးတို့၏စေတနာလုပ်အားကို ကျေးဇူးတင် ဂုဏ်ယူပါကြောင်းဖြင့်ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရားလက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

ဓမ္မပဒ (၂၈)

ဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ကကြီးမှူး၍ အထွေထွေရောဂါ/မိသားစု ကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ စဉ်ဆက်မပြတ်တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (Continuing Professional Development Forum)ကို ဧပြီ ၃၀ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်

အကောင်းဆုံးဘောလုံးသမားဆု ဒိုလေးဆွတ်ခူး လူငယ်အကောင်းဆုံးကစားသမားဆု ဖာဘရီဂတ်စ်ရရှိ

လန်ဒန် ဧပြီ ၂၈

ပေါ်တူဂီနှင့် မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုသည် ဆုကြေးစားဘောလုံးသမားများအဖွဲ့ချုပ်က ဧပြီ ၂၈ရက်က ချီးမြှင့်သည့် တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးရရှိသွားပြီဖြစ်သည်။

လူငယ်အကောင်းဆုံးကစားသမားဆုရ အာဆင်နယ်မှ ဖာဘရီဂတ်စ်။

အသက် ၂၃နှစ်အရွယ်ရှိ စီရိုနယ်ဒိုသည် ယခုဆုကို လီဗာပူးမှ တောရက်စ်နှင့် ဂျရတ်၊ အာဆင်နယ်အသင်းမှ အဒီဘာယောနှင့် ဖာဘရီဂတ်စ်၊ ပို့စ်မောက်အသင်းဂိုးသမား ဒေးဗစ်ဂျိမ်းစ်တို့ကို ဖြတ်ကျော်ကာ ရရှိခဲ့ခြင်းဖြစ်သည်။

လူငယ်

ထို့အတူ အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား အသက် ၂၀ အရွယ်ရှိ ဖာဘရီဂတ်စ်သည်လည်း ဆုကြေးစားဘောလုံးသမားများအဖွဲ့ချုပ်က ချီးမြှင့်သည့် တစ်နှစ်တာ အကောင်းဆုံးလူငယ်ကစားသမားဆုကို ရရှိခဲ့သည်။

ဖာဘရီဂတ်စ်သည် တောရက်စ်၊ မိုက်ကယ်ရစ်ချတ်၊ အက်ဘွန်လဟောနှင့် အက်ရှ်လေယန်းတို့ကိုကျော်ဖြတ်ကာ တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အကောင်းဆုံးဆု

တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုရ ဒိုလေးနှင့် ဆရာဖြစ်သူ ဖာဂူဆန်တို့၏ အပြုံး။



တရုတ်၌ ရထားနှစ်စင်းတိုက်မိမှုဖြစ်ပွား ၇၀ကျော်သေဆုံး၊ ၄၀၀ကျော် ဒဏ်ရာရရှိ

ကျိူနန် ဧပြီ ၂၈

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ်တွင် ဧပြီ ၂၈ရက် နံနက်က ရထားနှစ်စင်းတိုက်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၇၀ကျော် သေဆုံးပြီး ၄၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်ရထားပို့ဆောင်ရေး အရာရှိများက ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ပေကျင်းမြို့မှ ကျင်တိုမြို့သို့ ခုတ်မောင်းလာသော တီ-၁၉၅ ခရီးသည်တင်ရထားနှင့် ယန်တေမြို့မှ စူကျို့သို့ ခုတ်မောင်းလာသော အမှတ် ၅၀၃၄ ခရီးသည်တင်ရထားတစ်စင်းတို့ ရှန်တုန်ပြည်နယ် အရှေ့ပိုင်းဟီကျကမ်ရွာအနီး၌ မတော် တဆ တိုက်မိခဲ့ခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေး

ဒဏ်ရာရရှိသူများတွင် ပြင်သစ်နိုင်ငံသားလေးဦးနှင့် အခြား နိုင်ငံခြားသားအချို့လည်း ပါဝင်ကြောင်း၊ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ အမြန်ပို့ဆောင်ကာ ဆေးကုသမှုပေးလျက်ရှိကြောင်း ၄င်းအရာရှိများက ပြောကြားသည်။ မည်ကဲ့သို့ ရထားနှစ်စင်း တိုက်မိခဲ့သည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဟင်းနုနယ်စားသုံးခြင်းဖြင့် အမျိုးသမီးများ သားအိမ်ကင်ဆာ ကင်းဝေးနိုင်

ဟင်းနုနယ်သည် အစိမ်းရောင်ရှိပြီး အရသာမှာဖန်သည်။ အနည်းငယ်ချိုသည့်အရသာနှင့် ဆိမ့်သောအရသာလည်းရှိသည်။ ဟင်းနုနယ်သည် နှစ်စဉ် စက်တင်ဘာနှင့် အောက်တိုဘာလများ၌ လှိုင်လှိုင်ပေါများသည်။ ဟင်းနုနယ်သည် အာဟာရဓာတ် အပေါများဆုံးပါဝင်သော ဟင်းသီးဟင်းရွက် တစ်မျိုးလည်းဖြစ်သည်။

ပါဝင်

ဟင်းနုနယ်တွင် ဗီတာမင်အေ၊ ဗီတာမင်ကေ၊ မင်ဂနီးစ်၊ သံဓာတ်၊ ဗီတာမင်စီ၊ ဗီတာမင်ဘီ-၂၊ ကယ်လ်ဆီယမ်၊ ပိုတက်ဆီယမ်၊ ဗီတာမင်ဘီ-၆၊ အမျှင်ဓာတ်၊ ကော့ပါး၊ ဗီတာမင်ဘီ-၁၊ ဖော့စပရပ်စ်၊ သွပ်ဓာတ်၊ ဗီတာမင်အီး၊ အိုမီဂါဖက်တီးအက်စစ်၊ ဗီတာမင် ဘီ-၃၊ ကယ်လိုရီ စသည့်ဓာတ်များ ပါဝင်သည်။

ရင်သားကင်ဆာ

အများဆုံးပါဝင်သောဓာတ်များမှာ ဗီတာမင်ကေ၊ ဗီတာမင်အေ၊ မင်ဂနီးစ်တို့ဖြစ်သည်။ ဟင်းနုနယ်ကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် စားသုံးပေးပါက အမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်ပွားမှု လျော့ကျစေနိုင်သည်။

နည်းပါး

ထို့အပြင် ဟင်းနုနယ်စားသုံးသော အမျိုးသမီး ၆၆၉၄၀ ကို ၁၀နှစ်ကြာ သုတေသနပြုလေ့လာခဲ့ရာ အဆိုပါအမျိုးသမီးများ၌ သားအိမ်ကင်ဆာဖြစ်ပွားသူ လွန်စွာနည်းပါးကြောင်း တွေ့ရှိရသည်ဟု ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားသည်။

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

29-4 (03).pmd 1 4/29/2008, 1:41 AM

ဆွစ်ဇာလန်နိုင်ငံရှိ ပင်လယ်ရေမျက်နှာအပြင်အထက် မီတာ ၂၂၅၀ မြင့်သော ဗာဘီယာတောင်ပေါ် အပန်းဖြေစခန်း၌ နှင်းတောအတွင်း ဘောလုံးပြိုင်ပွဲကျင်းပနေသည်ကို ဧပြီ ၂၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဇင်ဘာဘွေ၌ မဲပြန်ရေတွက်ပြီးနောက် အတိုက်အခံပါတီပင် အနိုင်ရဟုဆို

ဟာရာရေး ဧပြီ ၂၈

ပြီးခဲ့သည့်လက ရွေးကောက်ပွဲမဲများကို ပြန်လည်ရေတွက်ခဲ့ပြီးနောက် ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ၏ ပါတီသည် ပါလီမန်၌ မဲအပြတ်အသတ်ဖြင့် အနိုင်မရနိုင်တော့ဟု ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများက ပြောကြားသည်။

ထိုသို့ မဲများပြန်လည်ရေတွက်ခဲ့ရာတွင် အမတ်နေရာ ၂၃ခု အနက် ၁၈နေရာမှာ အပြောင်းအလဲမရှိဟု ဆိုသည်။

ကျန်ရှိနေဆဲ

မစ္စတာမူဂါဘီ၏ ဇာနူပီအက်ဖ်ပါတီသည် မဲအပြတ်ဖြင့် အနိုင်ရရှိရန် အမတ်နေရာကိုးနေရာအနိုင်ရရန်လိုသည်ဟုဆိုသည်။ အတိုက်အခံပါတီ အမ်ဒီစီက သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိလိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။ သို့သော်လည်း သမ္မတရွေးကောက်ပွဲရလဒ်များ ဆက်လက်ထုတ်ပြန်ရန် ကျန်ရှိနေဆဲဖြစ်သည်။

(အင်တာနက်)

အတိုက်အခံခေါင်းဆောင် ရှန်ဂီရိုင်း

အမေရိကန်နိုင်ငံ အနောက်ပိုင်း ဗစ်စဘတ်ဂ်မြို့အနီး ဝါရင်စီရင်စုအနီး အဝေးပြေးလမ်းမပေါ်တွင် မစ္စစ္စပီမြစ်ရေလျှံမှုကြောင့် ရေလွှမ်းမှုဖြစ်ပေါ်နေသည်ကို ဧပြီ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာလုံခြုံရေးတပ်များအား တမီးလ်ကျားသူပုန်များအဖွဲ့ ဗုံးကြဲတိုက်ခိုက်

ကိုလံဘို ဧပြီ ၂၈

သီရိလင်္ကာနိုင်ငံ အရှေ့မြောက်ပိုင်း၌ တမီးလ်ကျားသူပုန်များက အစိုးရတပ်များရှိရာ ပစ်မှတ်များကို အပေါ့စားလေယာဉ်များသုံးကာ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။(အောက်ပုံ)

သူပုန်များသည် ယင်းတို့ကို ထိုးစစ်ဆင်တိုက်ခိုက်လာသော လုံခြုံရေးတပ်များရှိရာ ပစ်မှတ်များကို ဗုံးသုံးလုံးကြဲချခဲ့သည်ဟု သီရိလင်္ကာစစ်ဘက်က ပြောကြားသည်။

ဗုံးကြဲတိုက်ခိုက်

ကျားသူပုန်များသည် လွန်ခဲ့သော တစ်နှစ်က လေတပ်ကိုဖွဲ့စည်းခဲ့ပြီး နောက် ပဉ္စမအကြိမ်မြောက် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီး

ယင်းတိုက်ခိုက်မှုသည် ဧပြီ ၂၅ရက်က မြို့တော်ကိုလံဘို၌ ဘတ်စ်ကားပေါ်၌ ဗုံးပေါက်ကွဲမှုကို အကြောင်းပြု၍ ရဲတပ်ဖွဲ့က ဗုံးခွဲသည်ဟုသံသယရှိသူ ၂၆ဦးအား ဖမ်းဆီးခဲ့ပြီးနောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဗုံးကြဲ

သူပုန်များသည် ချက်နိုင်ငံလုပ် နှစ်ယောက်စီး လေယာဉ်ကိုသုံးပြီး ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ **(အင်တာနက်)**

ဂျာမနီလေကြောင်းပြပွဲ၌ လေယာဉ်ပြေးလမ်းချော် ပြပွဲကြည့်ရှုသူ တစ်ဦးသေဆုံး၊ ၁၀ဦး ဒဏ်ရာရ

ဘာလင် ဧပြီ ၂၈

ဂျာမနီနိုင်ငံအရှေ့ပိုင်း အီဆီနတ်ချ်မြို့အနီးတွင် ဧပြီ ၂၆ရက်က လေကြောင်းပြပွဲတစ်ရပ်ကျင်းပစဉ် လေယာဉ်ငယ်တစ်စင်းက လူအုပ်အတွင်းသို့ဝင်တိုက်မိရာ အသက် ၄၅နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲအဖွဲ့ကပြောကြားသည်။

အဆိုပါ မတော်တဆမှုသည် ဘာလင်မြို့တောင်ဘက် အီဆီနတ်ချ်မြို့အနီး ကင်ဒယ်လ်အရပ်ရှိ လေယာဉ်ကွင်းတွင် ဖြစ်ပွားခဲ့ကြောင်း လေယာဉ်စွမ်းရည်ပြသရန် ပျံတက်သည့် လေယာဉ်ငယ်တစ်စင်း(**အောက်ယာပုံ**)သည် ပြေးလမ်းမှချော်ထွက်ကာ ရပ်ကြည့်နေသော လူအုပ်အတွင်းသို့ ဝင်တိုးမိခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မတော်တဆမှု

ဒဏ်ရာရသူ၁၀ဦးအနက် သုံးဦးမှာ စိုးရိမ်ရပြီး ကျန်ခုနစ်ဦးအနက် နှစ်ဦးမှာ အသက်ကိုးနှစ်နှင့် ၁၄နှစ်အရွယ် ကလေးများဖြစ်ကြောင်း၊ မည်သည့်အကြောင်းကြောင့် ယင်းမတော်တဆမှုဖြစ်ရသည်ကိုမူ မသိသေးကြောင်း ယင်းပြောရေးဆိုခွင့် ရှိသူက ဆိုသည်။

ဒဏ်ရာရ

ယင်းလေယာဉ်သည် လေယာဉ်ပြေးလမ်းအဆုံးရှိ ခရီးသည်များ ပစ္စည်းရွေးယူရာ နေရာအနီးတွင် ရပ်တန့်သွားကြောင်း ယင်းမတော်တဆမှုတွင် လေယာဉ်မှူးသည် လေယာဉ်အမြီးပိုင်းတွင် ပိညပ်နေပြီး ဒဏ်ရာရသွားကြောင်း ဂျာမနီရုပ်မြင်သတင်းကွန်ရက် (ဇက်ဒီအက်ဖ်)က သတင်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ ရိုက်တာ

ဆိုရှယ်လစ်ညီလာခံတက်သော ပြင်သစ်ကိုယ်စားလှယ် ဘေရွတ်၌ ဟစ်ဇ်ဘိုလာများက ဖမ်းဆီး

ဟစ်ဇ်ဘိုလာ ဧပြီ ၂၈

လက်ဘနွန်နိုင်ငံရှိ ဆိုရှယ်လစ်ပါတီများညီလာခံသို့ တက်ရောက်လာသော ပြင်သစ်ကိုယ်စားလှယ်တစ်ဦးအား အစ္စလမ္မစ်လှုပ်ရှားမှုအဖွဲ့မှ သေနတ်သမားများက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဖမ်းခံ

ကာရင်ပက်ဇတ်သည် ဟစ်ဇ်ဘိုလာများခံတပ်ဟု လူသိများသောနေရာတွင် အမိုးဖွင့်ကားပေါ်မှ ဓာတ်ပုံများရိုက်ခဲ့ပြီးနောက် လေးနာရီကြာအဖမ်းခံခဲ့ရသည်။

လွှတ်ပေး

ပြင်သစ်က ထိုလုပ်ရပ်ကို သည်းခံလိမ့်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ မစ္စတာပက်ဇတ်နှင့် ၄င်း၏အဖော်အား အစ္စရေးမဟုတ်ကြောင်း သိရှိခဲ့ပြီးနောက် ပြန်လွှတ်ပေးလိုက်ကြောင်း ဟစ်ဇ်ဘိုလာတို့က ပြောကြားသည်။

တက်ရောက်

မစ္စတာပက်ဇတ်သည် ဘေရွတ်၌ ကျင်းပသော နှစ်ရက်ကြာကျင်းပသည့် နိုင်ငံတကာ ဆိုရှယ်လစ်ညီလာခံသို့ တက်ရောက်ရန် ပြင်သစ်နိုင်ငံကိုယ်စားပြု တက်ရောက်ခဲ့သူဖြစ်သည်။

ဝိုင်းအုံဖမ်းဆီး

၄င်းသည် သူငယ်ချင်းဖြစ်သူနှင့်အတူ ဗလီဓာတ်ပုံများ ရိုက်ကူးနေစဉ် သေနတ်သမားများ ဝိုင်းအုံလာပြီး အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်)

ဘဝအမောပြေ

အိမ်မှာစောင့်နေ . . .

ရိုးအသောလူတစ်ဦး၏ နေအိမ်အတွင်းသို့ခိုးဝင်သော သူခိုးကို ဖမ်းမိထားခဲ့ရာ…

သူခိုး ။ ။ ကျွန်တော် ခင်ဗျားပစ္စည်း ဘာမှမယူတော့ပါဘူး၊ ကျွန်တော့်ကို လွှတ်ပေးပါဗျာ…

အိမ်ရှင် ။ ။ မရဘူး၊ မင်းကို ရဲတွေလက်ထဲ အပ်ရမယ်…

သူခိုး ။ ။ မလုပ်ပါနဲ့ဗျာ…ကျွန်တော် တောင်းပန်ပါတယ်…

အိမ်ရှင် ။ ။ မတောင်းပန်နဲ့…မင်းကို မသနားနိုင်ဘူး…

သူခိုး ။ ။ ကျွန်တော့်ကို လွှတ်ပေးပါဗျာ…နောက်ဆို မခိုးတော့ပါဘူး…

အိမ်ရှင် ။ ။ မလွှတ်ပေးနိုင်ဘူး…ဘာမှထပ်မပြောနဲ့တော့…အခု မင်းငါ့အိမ်မှာ စောင့်နေခဲ့… ငါရဲတွေသွားခေါ်ဦးမယ်…

သူခိုး ။ ။ ''ဗျာ''

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မူးယစ်ဂိုဏ်းဝင်အချင်းချင်း ပစ်ခတ်၍ ၁၇ဦး သေဆုံး

တီဂျွာနာ (မက္ကဆီကို) ဧပြီ ၂၈

မက္ကဆီကိုနိုင်ငံ အစွန်အဖျားဒေသဖြစ်သည့် အမေရိကန်နယ်စပ်၌ ဧပြီ၂၆ရက်က လမ်းဘေးတစ်လျှောက်တွင် မက္ကဆီကို မူးယစ်မှောင်ခိုဂိုဏ်းသား၁၇ဦး၏ အလောင်းများ ပြန့်ကျဲလျက်ရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ယင်းနိုင်ငံ၏ သုံးနှစ်တာ မူးယစ်ဆေးဝါးစစ်ပွဲအတွင်း အသေအပျောက်အများဆုံးသော ပစ်ခတ် သတ်ဖြတ်မှုကြီးဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ မက္ကဆီကိုနှင့် ကယ်လီဖိုးနီးယားနယ်စပ်ရှိ ဟီဂျွာနာဒေသတွင် အရီလ်လန်နိုဖီလစ် မူးယစ်ဆေးဝါးမှောင်ခိုအဖွဲ့အတွင်းရှိ ပြိုင်ဘက်အချင်းချင်း ယင်းနေ့နံနက်စောစောပိုင်းက ရိုင်ဖယ်သေနတ်များ၊ စက်သေနတ်များဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

29-4 (04).pmd 1 4/29/2008, 1:41 AM

ဆာဟာရသဲကန္တာရမှ ဆူဒန်နိုင်ငံ

သတင်းအက်ဆေး

ဆူဒန်နိုင်ငံသည် အာဖရိကတိုက် ဆာဟာရ သဲကန္တာရနယ်မြေ၏ အရှေ့စွန်းဒေသ၌ တည်ရှိသည်။ အာဖရိကတိုက်တွင် ဤနိုင်ငံသည် အကျယ်အဝန်း ၉၆၆၇၅၇ စတုရန်းမိုင်ကျယ်သည့် အကြီးဆုံးနိုင်ငံဖြစ်သည်။ သဲကန္တာရ၊ တောင်ကြောများ၊ စိမ့်များ၊ သစ်တောများဖြင့် ထွေပြားစုံလင်သည်။

အသက်ဆုံးရှုံး

မြောက်ပိုင်းမှ ၇၀ ရာခိုင်နှုန်းရှိသည့် မွတ်စလင်များနှင့် တောင်ပိုင်းမှခရစ်ယာန်ဘာသာဝင်များ၊ ရိုးရာဘာသာ ကိုးကွယ်သူ ၂၀ရာခိုင်နှုန်းသော ပြည်သူတို့အကြား နှစ်ပေါင်း၂၀ကြာ ပြည်တွင်းစစ်ဖြစ်သည်။ ယခုအခါ ၂၀၀၃ခုနှစ်မှ စတင်ကာ ဒါဖားဒေသ၌ မျိုးဖြုတ်သတ်ဖြတ်မှုများ ကြုံရသည်။ တောင်ပိုင်းနှင့် မြောက်ပိုင်းတွင် ဖြစ်ပွားသည့် ပြည်တွင်းစစ်ကြောင့်ပြည်သူ ၁ ဒသမ ၅ သန်း အသက်ဆုံးရှုံးခဲ့ရသည်။

ကြေညာ

ဒါဖားဒေသ အကြမ်းဖက်မှုတွင် ပြည်သူ ၂၀၀၀၀၀ကျော် သေဆုံးပြီး ပြည်သူ ၂၀၀၀၀၀၀ ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးရသည်ဟု ကုလသမဂ္ဂက ကြေညာသည်။

၁၈၉၉-၁၉၅၅ ခုနှစ်များအတွင်း ဆူဒန်နိုင်ငံကို ဗြိတိန်နှင့် အီဂျစ်တို့ပူးတွဲ အုပ်ချုပ်သည်။ ၁၉၅၆ခုနှစ်တွင် ဆူဒန်နိုင်ငံ လွတ်လပ်ရေးရရှိသည်။ ၁၉၅၈ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ထားသည့် အရပ်သားအစိုးရကို ဗိုလ်ချုပ်ကြီးအဘတ် ဦးဆောင်သည့် စစ်တပ်က အာဏာသိမ်းသည်။

၁၉၆၂ခုနှစ်တွင် တောင်ပိုင်း၌ အင်ယာညာ လှုပ်ရှားမှုအဖွဲ့က ဦးဆောင်တိုက်ခိုက်ရာမှ ပြည်တွင်းစစ် စတင်ဖြစ်သည်။ ၁၉၆၄ခုနှစ်တွင် အောက်တိုဘာတော်လှန်ရေးအဖွဲ့က ဗိုလ်ချုပ်ကြီးအဘတ်ကို ဖြုတ်ချလိုက်ပြီး အမျိုးသားအစိုးရထူထောင်သည်။ ၁၉၆၉ခုနှစ်တွင် နျူမေရီ ဦးဆောင်ပြီး မေတော်လှန်ရေးအဖွဲ့အမည်ဖြင့် စစ်တပ်က အာဏာသိမ်းပြန်သည်။

ထပ်မံဖြစ်ပွား

၁၉၇၁ခုနှစ်တွင် နျူမေရီအား ဖြုတ်ချ အာဏာသိမ်းမှုဖြစ်ပွားသည်။ မကြာမီမှာပင် ဆူဒန်ကွန်မြူနစ်ပါတီ ခေါင်းဆောင်များ ဖမ်းဆီးကွပ်မျက်ခံရသည်။ ၁၉၇၂ ခုနှစ်တွင် အင်ယာညာနှင့် အစိုးရအကြား ငြိမ်းချမ်းရေး သဘောတူညီမှုရရှိကာ တောင်ပိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိသည်။ ၁၉၇၈ ခုနှစ်တွင် ဆူဒန်တောင်ပိုင်း၌ ရေနံရှာဖွေတွေ့ရှိသည်။ ၁၉၈၃ ခုနှစ်တွင် တောင်ပိုင်း၌ ပြည်တွင်းစစ် ထပ်မံဖြစ်ပွားသည်။

အာဏာသိမ်း

၁၉၈၃ခုနှစ် သမ္မတနျူမေရီက ရှားရီးယားခေါ် အစ္စလမ်ဥပဒေကို ပြဋ္ဌာန်းကြောင်း ကြေညာသည်။ ၁၉၈၅ ခုနှစ်တွင် ဆူပူအုံကြွမှုဖြစ်ပြီး နျူမေရီအား ဖြုတ်ချကာ ယာယီစစ်ကောင်စီဖွဲ့စည်း အုပ်ချုပ်သည်။ ၁၉၈၆ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းသည်။ ၁၉၈၉ခုနှစ်တွင် အမျိုးသားကယ်တင်ရေးတော်လှန်ရေးအဖွဲ့ အမည်ဖြင့် စစ်တပ်က အာဏာသိမ်းသည်။

ပြန်လည်ရွေးချယ်

၁၉၉၃ခုနှစ်တွင် အိုမာအယ်ကရှားအား သမ္မတခန့်အပ်သည်။ ၁၉၉၉ ခုနှစ်တွင် သမ္မတကရှားက အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းပြီး အရေးပေါ်အခြေအနေ ကြေညာသည်။ ထိုနှစ်တွင် ရေနံများ ပြည်ပသို့ စတင်ရောင်းချသည်။ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာရွေးကောက်ပွဲတွင်သမ္မတကရှားက ပြန်လည်ရွေးချယ်ခံရသည်။

၂၀၀၄ခုနှစ် မတ်လတွင် အစိုးရလိုလားသည့် အာရပ်ဂျန်ဂျာဝီ ပြည်သူ့စစ်များက ဒါဖားဒေသရှိ အာဖရိကရွာသားများကို မျိုးဖြုတ်သတ်ဖြတ်နေကြောင်း ကုလသမဂ္ဂ အရာရှိက ကြေညာသည်။ ၂၀၀၅ ခုနှစ် မတ်လတွင် ဒါဖားဒေသ၌ လူ့အခွင့်အရေး ချိုးဖောက်သူများအား အရေးယူရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ခွင့်ပြုပြီး စစ်ရာဇဝတ်မှု ကျူးလွန်သူများအား နိုင်ငံတကာ ရာဇဝတ်ရုံးတင်ရန် မဲခွဲဆုံးဖြတ်သည်။

တောင်းဆို

၂၀၀၇ခုနှစ် ဇူလိုင်လတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဒါဖားဒေသ၌ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်၂၆၀၀၀ စေလွှတ်ရေး ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုပေးသည်။ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် ဒါဖားဆိုင်ရာ ကုလသမဂ္ဂနှင့် အေယူငြိမ်းချမ်းရေးတပ်ဖွဲ့ တပ်မှူး ဘောလာကေတာက တပ်ဖွဲ့ဝင်များ တိုးချဲ့ပေးရန် တောင်းဆိုသည်။

တင်းမာ

ယခုအခါ ဆူဒန်ပြည်သူ့ လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ (အက်စ်ပီအယ်အမ်)နှင့် အာရပ်ပြည်သူ့စစ်တို့အကြား တင်းမာလျက်ရှိပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ဆူဒန်နိုင်ငံသည် အာဖရိကတိုက် ဆာဟာရသဲကန္တာရ နယ်မြေ၏ အရှေ့စွန်းဒေသ၌ တည်ရှိ။ အာဖရိကတိုက်တွင် ဤနိုင်ငံသည် အကျယ်အဝန်း ၉၆၆၇၅၇ စတုရန်းမိုင် ကျယ်သည့် အကြီးဆုံးနိုင်ငံဖြစ်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၈-၄-၂၀၀၈

နီပေါ၌လျှပ်စစ်ဓာတ်အား ဖြတ်တောက်မည်

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်တွင် လာမည့်သီတင်းပတ်မှ စတင်ကာ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ဖြတ်တောက်သွားမည်ဖြစ်ကြောင်း နီပေါအစိုးရ အရာရှိများက ပြောကြားသည်။

ဓာတ်အားဖြတ်တောက်

ခတ္တမန္ဒူမြို့၌ လာမည့်သီတင်းပတ်မှစတင်ကာ ဓာတ်အားချွေတာမှုအပြင် သီတင်းတစ်ပတ်လျှင် ၄၆ ဒသမ ၅ နာရီမျှ ဓာတ်အားဖြတ်တောက်သွားမည်ဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။

၂၀၂၆ခုနှစ်တွင် တရုတ်၌ မြို့ပြလေယာဉ် အစင်းရေ ၂၈၀၀ လိုအပ်မည်

တရုတ်နိုင်ငံတစ်ဝန်း၌ ယခုနှစ်မှ လာမည့် ၂၀၂၆ခုနှစ် အထိ မြို့ပြလေကြောင်း ခရီးစဉ်များတွင် အသုံးပြုရန် ခရီးသည်လေယာဉ်အစင်း ၂၈၀၀ လိုအပ်မည်ဖြစ်ကြောင်း တရုတ်မြို့ပြလေကြောင်း အရာရှိများက ပြောကြားသည်။

သတ်မှတ်

အဆိုပါလေယာဉ်များအတွက် ကုန်ကျမည့်ငွေကြေးပမာဏမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၂၉ဘီလီယံရှိမည် ဖြစ်ကြောင်း၊ အမျိုးအစားအတိအကျသတ်မှတ်လျှင် ခရီးသည်လေယာဉ်အစင်း ၂၆၇၀ နှင့် ကုန်တင်လေယာဉ် အစင်းရေ ၁၃၀ ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အစ္စရေးနှင့် ငြိမ်းချမ်းရေးနည်းလမ်း အာဆတ်နှင့်တေယစ်တို့ ဆွေးနွေး

အစ္စရေးနှင့် ငြိမ်းချမ်းရေးရရှိရေး ဆွေးနွေးမှုများပြုလုပ်ရန် ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ် နှင့် တူရကီ ဝန်ကြီးချုပ် ရီစ်တေယစ်တို့ ဆွေးနွေးကြသည်။

အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပေါ်နေသော နောက်ဆုံးအခြေအနေများ အပါအဝင် အစ္စရေးတို့နှင့် ငြိမ်းချမ်းရေး ရရှိစေမည့် နည်းလမ်းများကို ခေါင်းဆောင်နှစ်ဦးတို့ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ ဆွေးနွေးကြသည်။

အဇာဘိုင်ဂျန်၌တားဆီးခြင်းခံထားရသော ကုန်ပစ္စည်းများ နျူကလီးယားစက်ရုံအတွက်ကင်းလွတ်ခွင့်ပြုရန် အီရန်ပြောကြား

အီရန်နိုင်ငံ ဘူလ်ရှာနျူကလီးယားစက်ရုံအတွက် ရုရှားမှ ကုန်ပစ္စည်းများကို ဖြတ်ကျော်သယ်ယူခွင့်ပြုရန် အဇာဘိုင်ဂျန်နိုင်ငံအား အီရန်က တောင်းဆိုလိုက်သည်။

အဇာဘိုင်ဂျန်နယ်စပ်၌ အကောက်ခွန်အရာရှိများက တားဆီးထားသော အီရန်နျူကလီးယားစက်ရုံအတွက် ကုန်ပစ္စည်းများအား ကင်းလွတ်ခွင့်ပြုရန် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

အမေရိကန်၌ မီးလောင်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ နော်ဝတ်မြို့တွင်အဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားရာ လူအများအပြား ပျောက်ဆုံးလျက်ရှိကြောင်း နော်ဝတ်မြို့ရဲစခန်းမှ အရာရှိများက ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသည် အထပ်မြင့်လူနေအဆောက်အအုံများ တည်ရှိရာဝင်းအတွင်းဖြစ်ပြီး အဆိုပါအဆောက်အအုံ၌ လူ ၁၅၀ခန့် နေထိုင်လျက်ရှိသည်။

ဂျာမနီ၌ ခရီးသည်တင်ရထားလမ်းချော်၊ ၂၅ဦးဒဏ်ရာရရှိ

ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့ အရှေ့မြောက်ပိုင်း ဖူလ်ဒါမြို့အနီးတွင် ခရီးသည်တင် ရထားတစ်စင်း လမ်းချော်မှု ဖြစ်ပွားခဲ့ရာ ၂၅ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း ဂျာမနီနိုင်ငံမှ ပို့ဆောင်ရေး အရာရှိများက ပြောကြားသည်။

ဖြစ်ပွား

အဆိုပါရထား၌ ခရီးသည် ၁၇၀ ပါရှိပြီး မြူးနစ်မြို့သို့ မောင်းနှင်လာစဉ် လမ်းချော်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ခရီးသည်တင်လေယာဉ် အသစ်များ စင်ကာပူလေကြောင်း ထပ်မံဖြည့်တင်းမည်

စင်ကာပူ လေကြောင်းလိုင်းက ကမ္ဘာပေါ်တွင် အကြီးဆုံးခရီးသည်တင် ဂျက်လေယာဉ်လေးစင်းကို ဝယ်ယူဖြည့်တင်းသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။

လက်ခံရရှိမည်

စင်ကာပူလေကြောင်းလိုင်းအနေဖြင့် အေ ၃၈၀လေယာဉ်များကို လက်ခံရယူနိုင်တော့မည့် အနေအထားရှိနေပြီး ကြိုတင်မှာကြားထားမှုကြောင့် အဆိုပါလေယာဉ်များကို မကြာမီ လက်ခံရရှိမည်ဖြစ်သည်။

သူတို့အတွေးနှင့်အမြင်

* *When agner rises, think of the consequences.*
ဒေါသဖြစ်လာပါက ဖြစ်လာမည့် အကျိုးဆက်များကို စဉ်းစားလိုက်ပါ။
ကွန်ဖြူးရှပ် (တရုတ်လူမျိုးအတွေးအခေါ်ပညာရှင်)

* *Protection is the first necessity of opulence and luxury.*
ပေါကြွယ်ဝခြင်းနှင့် ဇိမ်ခံခြင်းတို့အတွက် ပထမဦးဆုံးသော လိုအပ်ချက်မှာ ကာကွယ်မှုပင် ဖြစ်သည်။
ဂျိုးဇက်ကွန်ရက်ဒ် (ပိုလန်လူမျိုးစာရေးဆရာ)

ဂျီအိုဗီ-ဘီဂြိုဟ်တု ကာဇက်စတန်မှလွှတ်တင် ဂြိုဟ်တုကွန်ရက်စနစ်အတွက် အသုံးပြုနိုင်မည်

ကာဇက်စတန်(ဘိုင်ကိုနော) ဧပြီ ၂၈

ဂါလီလီယို ဂြိုဟ်တုလေ့လာရေးစနစ်ကို အထောက်အကူပြုမည့် အာကာသယာဉ်(**အပေါ်ပုံ**)အား ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဧပြီ ၂၆ရက်က လွှတ်တင်လိုက်ပြီ ဖြစ်သည်။

လွှတ်တင်

အဆိုပါ အာကာသယာဉ်ဖြစ်သည့် ဂျီအိုဗီ-ဘီ ဂြိုဟ်တုကို ဆိုယုဇ်ဒုံးပျံဖြင့် ဧပြီ ၂၆ ရက်က ကမ္ဘာမြေပြင်မှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ယင်းဂြိုဟ်တုသည် ဂါလီလီယိုဂြိုဟ်တုကွန်ရက် တည်ဆောက်သွားရန် အဓိက နည်းပညာများကို စမ်းသပ်မှုများပြုလုပ်သွားမည်ဟု ဆိုသည်။

ထုတ်လုပ်

ဂျီအိုဗီ-ဘီဂြိုဟ်တုသည် တန်ဝက်မျှသာရှိသည်။ ယင်းဂြိုဟ်တု၏ အဓိက အစိတ်အပိုင်းကို အီးအေဒီအက်စ်အာထရီယာမ်နှင့် အယ်လင်နီယာစပေ့စ်ကုမ္ပဏီတို့က တပ်ဆင်ထုတ်လုပ်ပေးခဲ့ခြင်း ဖြစ်သည်။

ထိုအာကာသယာဉ်သည် ၂၀၀၅ ခုနှစ်က ဂါလီလီယို ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဂျီအိုဗီ-အေဂြိုဟ်တုကို လွှတ်တင်ခဲ့ပြီးနောက် ဒုတိယမြောက်လွှတ်တင်လိုက်သည့် ဂြိုဟ်တုဖြစ်သည်။

အသုံးပြုခဲ့

ပထမဆုံးလွှတ်တင်ခဲ့သော ဂျီအိုဗီ-အေဂြိုဟ်တုကို ကမ္ဘာမြေပြင်ရှိ ဆက်သွယ်ရေးလုပ်ငန်းများအတွက် တစ်ဆင့်ကူးပြောင်းကိရိယာအဖြစ် အသုံးပြုခဲ့သည်။

ဒုတိယမြောက်လွှတ်တင်ခဲ့သော ဂျီအိုဗီ-ဘီဂြိုဟ်တုကိုလည်း ရေကြောင်းသွားလာရေးလမ်းညွှန်အဖြစ် အသုံးပြုသွားနိုင်မည်ဟု ဆိုသည်။

ဥရောပကော်မရှင်နှင့် ဥရောပအာကာသအေဂျင်စီက ၂၀၁၃ ခုနှစ်အကုန်အထိ ဂြိုဟ်တုအလုံးပေါင်း ၃၀ လွှတ်တင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(အင်တာနက်)

အာကာသသိပ္ပံ

ရီပတ်ဘလီကင်မှ ဂျွန်မက်ကိန်း ပြည်တွင်းခရီးစဉ်စတင် ဟီလာရီနှင့် အိုဘားမားတို့ အကြိတ်အနယ်မဲဆွယ်နေကြဆဲ

ဝါရှင်တန် မေ ၂၈

ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲတွင် ဟီလာရီက အိုဘားမားကို အနိုင်ယူပြီးနောက် မေ၆ရက် အင်ဒီယားနားနှင့် မြောက်ကယ်ရိုလိုင်းနားပြည်နယ် အကြိုရွေးကောက်ပွဲများအတွက် နှစ်ဦးစလုံးအကြိတ်အနယ် မဲဆွယ်စည်းရုံးလျက်ရှိသည်။

ထိုအတောအတွင်း ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်းသည်(ယာပုံ) အမေရိကန်ပြည်ထောင်စုအတွင်း အခြားသောဒေသအများအပြားက ရရှိခံစားနေရသည့် ဖွံ့ဖြိုးတိုးတက်မှုများ မရရှိသေးသော နေရာဒေသများသို့ စတင်ခရီးထွက်လျက်ရှိသည်။

အခြေအနေကောင်း

ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက်နှစ်ဦးဖြစ်သည့် ဟီလာရီနှင့်အိုဘားမားတို့ ယှဉ်ပြိုင်ကြမည့် အင်ဒီယားနားနှင့် မြောက်ကယ်ရိုလိုင်းနားပြည်နယ် အကြိုရွေးကောက်ပွဲ အခြေအနေကြိုတင်တွေ့ဆုံ သဘောထားစစ်တမ်းများ ကောက်ယူရာတွင် ဆာဗေးယူအက်စ်အေနှင့် ပီပီပီစစ်တမ်းနှစ်ခုစလုံးတွင် မြောက်ကယ်ရိုလိုင်းနားပြည်နယ်၌ အိုဘားမားက ဟီလာရီထက် ပိုမိုအခြေအနေကောင်းသည်ဟုဆိုသည်။

ထောက်ခံမဲ

အင်ဒီယားနားပြည်နယ် အကြိုရွေးကောက်ပွဲ အခြေအနေနှင့်ပတ်သက်၍ ကောက်ယူသည့်ပြည်သူ့သဘောထား စစ်တမ်းသုံးခုအနက်နှစ်ခုတွင် အိုဘားမားက ဟီလာရီထက် ထောက်ခံမဲပိုရနိုင်သည်ဟု ဖော်ပြထားပြီး တတိယစစ်တမ်းကောက်ယူမှုတွင် ဟီလာရီက ၅၀ ရာခိုင်နှုန်း၊ အိုဘားမားက ၄၅ရာခိုင်နှုန်း အသီးသီးရကာ ဟီလာရီ၏အခြေအနေသာလွန်မှုကို တွေ့ရသည်။

ဟီလာရီ၏ခင်ပွန်း အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်ကမူ အိုဘားမား၏ ရွေးကောက်ပွဲမဲဆွယ်မှုကြောင့် ၄င်းအနေဖြင့် ဟီလာရီအနိုင်ရရေးတွင် ပါဝင်နေရကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ **(အင်တာနက်)**

အိုလံပစ်မီးရှူးတိုင်

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ဝူဟန်ပန်းခြံအတွင်း၌ အမြင့် ၁၈မီတာရှိသော ၂၀၀၈ခုနှစ် အိုလံပစ်အထိမ်းအမှတ် မီးရှူးတိုင်ကြီးကို မေ ၂၇ရက်က ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ပါလက်စတိုင်းတို့အား မော်စကိုက ရိက္ခာပံ့ပိုးမည်

မော်စကို မေ ၂၈

ရုရှားနိုင်ငံ မော်စကိုမြို့ ဒေသခံများက ပါလက်စတိုင်းရှိ ဂါဇာမြို့မှ ပြည်သူများအတွက် စားနပ်ရိက္ခာများ ပေးပို့ထောက်ပံ့သွားမည်ဖြစ်ကြောင်း ရုရှားအရာရှိများက မေ ၂၈ရက်၌ ပြောကြားသည်။

ပြောကြား

ပါလက်စတိုင်း၌ စားနပ်ရိက္ခာ အကျပ်အတည်း တွေ့နေသူ ပြည်သူ ၆၅၀၀၀၀အား စားနပ်ရိက္ခာနှင့် လောင်စာဆီများ ထောက်ပံ့ဖြည့်ဆည်းပေးသွားမည်ဟု ၄င်းတို့က ပြောကြားသည်။

(အင်တာနက်)

ကင်ညာခေါင်းဆောင်များ၏ သုံးရက်ကြာခရီး ပြည်သူများချစ်ကြည်စွာ ယှဉ်တွဲနေထိုင်ရေးတိုက်တွန်း

နိုင်ရိုဘီ မေ ၂၈

ကင်ညာသမ္မတ ကီဘာကီနှင့် ဝန်ကြီးချုပ် အိုဒင်ဂါတို့သည်ဒေသသုံးလေးခုတွင် ရှုထုအစည်းအဝေးများ ခေါ်ယူကျင်းလင်းပြီး ရစ်ဖ်ဗယ်လီ ပြည်နယ်အတွင်း သုံးရက်ကြာပြန်လည်ရင်ကြားစေ့ရေး ခရီးစဉ်ကို မေ ၂၆ရက်က အဆုံးသတ်လိုက်သည်။

လူမျိုးကွဲခြင်းကြောင့် မိမိတို့ အချင်းချင်း စိတ်ဝမ်းမကွဲသင့်ကြောင်း၊ ညီအစ်ကိုမောင်နှမများသဖွယ် အတူယှဉ်တွဲ လုပ်ကိုင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သမ္မတကီဘာကီကပြောကြားသည်။

မိမိတို့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ထာဝစဉ် ပြေလည်သွားရေး အဖြေရှာရာ၌ ဒေသခံပြည်သူတို့ အနေဖြင့် အချင်းချင်း ဆက်သွယ်ညှိနှိုင်းပြီး ဗဟိုအစိုးရ၏ ကြိုးပမ်းမှုများကိုလည်းအကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း သမ္မတကီဘာကီက ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်စစ်ရေးပြပွဲအခမ်းအနားကို ပစ်ခတ်တိုက်ခိုက် သမ္မတကာဇိုင်းလွတ်မြောက်၊ အမတ်နှစ်ဦးဒဏ်ရာရ

ကဘူးလ် မေ ၂၈

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့်တကွ အခြားသောနိုင်ငံခေါင်းဆောင်များ တက်ရောက်သည့် ကဘူးလ်မြို့တော်မှ စစ်ရေးပြအခမ်းအနားတစ်ခုတွင် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အနည်းဆုံးတစ်ဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာရရှိသွားသည်။

ဝိုင်းဝန်းကာကွယ်

သေနတ်သံများ ထွက်ပေါ်လာသဖြင့် ထိုအခမ်းအနားမှ ရာပေါင်းများစွာသော ပရိသတ်တို့ ထွက်ပြေးကြသည်။ သမ္မတကာဇိုင်းကိုမူ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကာကွယ်ပေးပြီး ထိုနေရာမှ အခြားနေရာသို့ ခေါ်ဆောင်စောင့်ကြပ်ပေးလိုက်ရသည်။

ဒဏ်ရာရသူများတွင် အာဖဂန်နစ္စတန် အမတ်နှစ်ဦးပါဝင်သည်။ ဆိုဗီယက်ပြည်ထောင်စု ထောက်ခံသည့် အာဖဂန်အစိုးရအား ဖြုတ်ချသည့် (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် စစ်ရေးပြပွဲ၌ ပြုလုပ်ခြင်း ဖြစ်သည်။

စေလွှတ်

တာလီဘန်တို့က သူတို့လက်ချက်ဖြစ်ကြောင်း၊ စစ်သွေးကြွခြောက်ဦး စေလွှတ်ခဲ့ရာတွင် သုံးဦးသေဆုံးပြီး သုံးဦး ဖမ်းမိသွားကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ တောမီးလောင်ကျွမ်းသဖြင့် ရဟတ်ယာဉ်ဖြင့် မီးငြိမ်းသတ်လျက်ရှိသည်ကို မေ ၂၇ရက်က တွေ့ရစဉ်။

(ယင်းတောမီးလောင်မှုကြောင့် မြေဧက ၄၀၀ ကျော် မီးလောင်ကျွမ်းခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာမြောက်ပိုင်း၌ တိုက်ပွဲများဖြစ်ပွား အစိုးရတပ်ဖွဲ့ဝင်ရှစ်ဦးနှင့် တမီးလ်ကျားသူပုန် ၂၅ဦးသေဆုံး

ကိုလံဘို မေ ၂၈

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် တမီးလ်ကျားသူပုန်တို့ တိုက်ပွဲဖြစ်ပွားရာ တမီးလ်ကျားသူပုန် ၂၅ဦး သေဆုံးသွားကြောင်း သီရိလင်္ကာအစိုးရအရာရှိများက မေ ၂၇ရက်တွင် ပြောကြားသည်။

ဒဏ်ရာရရှိ

တိုက်ပွဲဖြစ်ပွားမှုမှာ သီရိလင်္ကာနိုင်ငံမြောက်ပိုင်း ဝီလီရိယာခရိုင် တမီးလ်ကျားသူပုန်တို့ လှုပ်ရှားရာဒေသ၌ အပြန်အလှန် ပစ်ခတ်တိုက်ပွဲ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သေဆုံး

ထိုသို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် အစိုးရတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိခဲ့သလို တမီးလ်ကျားသူပုန်တို့ဘက်မှလည်း ၂၅ဦး သေဆုံးပြီး ၁၈ဦးဒဏ်ရာရရှိခဲ့ကြောင်း ၄င်းအရာရှိများက ပြောကြားသည်။

ပြောကြား

သီရိလင်္ကာအစိုးရက တမီးလ်ကျားသူပုန်တို့ကို အပြီးသတ်ချေမှုန်းသွားမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားလိုက်ပြီး စစ်ဆင်ရေးများ ဆက်လက်ပြုလုပ်သွားမည်ဟု ဆိုသည်။ **(အင်တာနက်)**

အီရတ်စစ်ပွဲအတွင်း ခိုးယူခံရသော ရှေးဟောင်းပစ္စည်းများ ပြန်လည်ရရှိ

ဘဂ္ဂဒက် မေ ၂၈

အီရတ်နိုင်ငံတွင် သမ္မတဆက်ဒမ်ဟူစိန် အဖြုတ်ခံရပြီးနောက် ဖောက်ထွင်းခိုးယူခံရသော ရှေးဟောင်းပစ္စည်းအမျိုး ၇၀၀ ပြန်လည်လက်ခံရရှိသည့် အခမ်းအနားကို မေ ၂၇ရက်က ဘဂ္ဂဒက်မြို့ရှိ အီရတ်အမျိုးသားပြတိုက်၌ ကျင်းပခဲ့သည်။

ယင်းရှေးဟောင်းပစ္စည်းများတွင် ရွှေလည်ဆွဲများ၊ ဓားမြှောင်၊ ရုပ်တုများ၊ အိုးများအထိပါဝင်ပြီး ၄င်းတို့ကို ဆီးရီးယားအာဏာပိုင်များက မှောင်ခိုကုန်သည်များထံမှ သိမ်းဆည်းရမိပြီးနောက် အီရတ်သို့ ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်တို့ ၂၀၀၃ခုနှစ်တွင် အီရတ်သို့ ကျူးကျော်စစ် ဝင်ရောက်ဆင်နွှဲပြီးနောက် ယင်းအမျိုးသားပြတိုက်တွင် စုဆောင်းပြသထားသော ရှေးဟောင်းပစ္စည်းများအား မသမာသူများက ဖောက်ထွင်းခိုးယူခဲ့ကြကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ၌ မိုဘိုင်းလ်ဖုန်း သုံးစွဲသူ ၅၇၄သန်းရှိ

ပေကျင်း မေ ၂၈

တရုတ်နိုင်ငံ၌ မိုဘိုင်းလ်ဖုန်း အသုံးပြုသူများသည် မတ်လအထိ ၅၇၄ သန်းကျော် မြင့်တက်လာကြောင်း၊ ဖုန်းအသုံးပြုမှု ဝန်ဆောင်ခစရိတ်မှာလည်း လျော့နည်းသွားကြောင်း စက်မှုနှင့်ပြန်ကြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ မိုဘိုင်းလ်ဖုန်း တိုးမြင့်လာသည့်အရေအတွက်သည် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းကထက် ၂၇ဒသမ၃သန်း တိုးလာခြင်းဖြစ်ကြောင်း ၄င်းဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

လျော့ကျ

မိုဘိုင်းလ်ဖုန်းများ အသုံးပြုနိုင်သူများလာ၍ လိုင်းဖုန်းသုံးစွဲသူများ လျော့နည်းခဲ့ရာ ယခုနှစ် ပထမသုံးလအတွင်း လိုင်းဖုန်းသုံးစွဲသူ ၄ဒသမ၄သန်း လျော့ကျသွားခဲ့သည်။ ပြီးခဲ့သည့် လကုန်ပိုင်းအထိ လိုင်းဖုန်းသုံးစွဲသူ ၃၆၁သန်းသာရှိတော့သည်ဟု ဆိုသည်။

တရုတ်ဆက်သွယ်ရေးလုပ်ငန်းသည် ပြီးခဲ့သည့်နှစ်က အခွန်ကောက်ခံရမှု ယွမ် ၁၉၄ဒသမ၁ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇ဒသမ၇သန်း)ရရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆန့်ကျင်ဘက်အဖွဲ့အစည်းများ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နှောင့်ယှက်ဖျက်ဆီးနေ

မဟုတ်မမှန် ယုတ္တိမတန်သော သွေးထိုးမှုများကို အလွယ်တကူ လက်မခံမိကြစေပဲ မိမိနိုင်ငံ၊ လူမျိုးနှင့် ကိုက်ညီထင်ဟပ်သည့် အမှန်တရားကို ရှင်းရှင်းလင်းလင်းသိမြင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် ရွေထီးခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာ ၁၁ ခုတို့မှ ဒေသခံပြည်သူများအား ပညာရေးဆိုင်ရာ လုပ်ငန်းများနှင့် ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအတွက် ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၂၂ရက် နံနက် ၈နာရီတွင် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ရွေထီးခန်းမ၌ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ထီးလင်းမြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် သရခါ၊ ကျားခဲ၊ ပုဏ္ဏား၊ ထလင်း၊ တောရောင်း၊ ဝါးရင်းချိုင်၊ ပါးမျဉ်း၊ ထန်းပင်ကုန်း၊ ငါးဆင်းကျေးရွာစသည့် ရပ်ကွက်/ကျေးရွာ ၁၁ ခုတို့မှ ဒေသခံပြည်သူ ၃၅၀၀ ကျော် တက်ရောက်ကြသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၁၁နာရီတွင် ထီးလင်းမြို့နယ် အလယ်ဘန်းကျေးရွာ ယာယီမဏ္ဍပ်၌ ပြုလုပ်သော ဒေသခံ ပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့ အလယ်ဘန်း၊ အကြည်ဘန်း၊အညာဘန်း၊ တိ၊ ညောင်၊ တင်းချောင်း၊ လည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်းကောင်း၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

တွေ့ဆုံပွဲတက်ရောက်

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂ နာရီတွင် ထီးလင်းမြို့နယ် ပြင်ဘ

များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

အကျယ်တဝင့် ရှင်းလင်း

တွေ့ဆုံပွဲများတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ဒေသနေပြည်သူများ၏ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုများကြောင့် ဒေသတွင်းကျေးရွာများသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာသည်ကို တွေ့မြင်ရပါကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံတစ်ဝန်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးရွာများအနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမဦးစားပေး တင်ပြကြသည့်အပေါ် အထူးအားရမိပါကြောင်း၊ ထို့ပြင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ယခုထက် ပိုမိုတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးကို တိုးချဲ့လုပ်ကိုင်ကြရမည့်အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်၍ လုပ်ကိုင်ကြစေလိုကြောင်း၊ လိုအပ်သည့် နည်းပညာနှင့် အကူအညီများကို အပြည့်အဝ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်၏ အခြေခံလိုအပ်ချက်များ ပြည့်စုံအောင် တည်ဆောက် ဖော်ဆောင်ပေးလျက်ရှိရာ ဖွံ့ဖြိုး တိုးတက်မှုများကို ပြည်သူများ လက်တွေ့ သိရှိခံစားနေကြရပြီဖြစ်ကြောင်း၊ ဤဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ထိန်းသိမ်း တည်ဆောက်ကြရာတွင် ပြည်သူများကလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုအခါ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်

အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးနေကြရုံမျှမက ရှေ့ဆက် ဖော်ဆောင်ကြမည့် လုပ်ငန်းစဉ်များတွင် အဟန့်အတားဖြစ်အောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ မဟုတ်မမှန် ယုတ္တိမတန်သော သွေးထိုးမှုများကို အလွယ်တကူ လက်မခံမိကြစေပဲ ယနေ့ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးတို့၏ လက်ရှိအခြေအနေနှင့် ကိုက်ညီထင်ဟပ်သည့်အမှန်တရားများကို ရှင်းရှင်းလင်းလင်း သိမြင်ကြပြီး နိုင်ငံတော်၏ ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း အတူလက်တွဲ၍ ကြိုးပမ်း ဖော်ဆောင်သွားကြရမှာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကိုလိုနီလက်သစ် များ၏ အန္တရာယ်များ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်များကို ပြည်သူများသတိရှိရှိ၊ သက်လုံကောင်းကောင်းဖြင့် သတိပြု ကာကွယ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်

တွေ့ဆုံပွဲများအပြီးတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တက်ရောက်လာကြသော ပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် အလယ်ဘန်းကျေးရွာ၌ ကျေးရွာခုနစ်ရွာတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ ကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပညာရေးဆိုင်ရာလုပ်ငန်းများအတွက် အလှူငွေအဖြစ် ထီးလင်း မြို့မ အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်း၊ ထီးလင်းမြို့ စည်ပင်သာယာ အခြေခံပညာမူလတန်းကျောင်း အမိုးအတွက် ငွေကျပ်နှစ်သိန်း၊ ကျားခဲကျေးရွာ မူလတန်းလွန်ကျောင်း အမိုးအတွက် ငွေကျပ်သုံးသိန်း စုစုပေါင်း ငွေကျပ်ခုနစ်သိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာပစ္စည်းများကို လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အိမ်သုံး၊ လူသုံးပစ္စည်းများကို လည်းကောင်း၊ ကျောင်းသူ ကျောင်းသားများအတွက် ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လည်းကောင်း

ဘူးတောင်းစသည့် ကျေးရွာခုနစ်ရွာတို့မှ ဒေသခံပြည်သူ ၃၀၀၀ ခန့် တက်ရောက်ကြသည်။

ဖြည့်ဆည်းဆောင်ရွက်

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ ကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်အပေါ် ဗဟိုအတွင်းရေးမှူးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန် အလယ်ဘန်းကျေးရွာ မူလတန်းကျောင်းဆောင်သစ်အတွက်ငွေကျပ်နှစ်သိန်း၊ အညာဘန်းကျေးရွာ မူလတန်းကျောင်းဆောင်သစ်အတွက်ငွေကျပ်တစ်သိန်း၊ အကြည်ဘန်းကျေးရွာ အလယ်တန်းကျောင်းဆောင်သစ်အတွက် ငွေကျပ်နှစ်သိန်း၊ ဘူးတောင်းကျေးရွာ မူလတန်းလွန်ကျောင်းဆောင်သစ်အတွက် ငွေကျပ်တစ်သိန်း၊ ညောင်ကျေးရွာ ရွာကူးတံတားပြုပြင်ရန်အတွက် ငွေကျပ်တစ်သိန်း စုစုပေါင်းအလှူငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာပစ္စည်းများကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို

ကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ ပြုလုပ်သော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့ ပြင်ဘ၊ ဆင်စွယ်၊ ရင့်ရောင်း၊ စို့ပြား၊ ခပေါင်းတော၊ မင်းလယ်၊ ယုံဆင်း၊ ဆွဲလွဲစသည့် ကျေးရွာရှစ်ရွာတို့မှ ဒေသခံပြည်သူ ၃၀၀၀ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ ကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

လက်ခံရယူ

ယင်းနောက် ဗဟိုအတွင်းရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေအဖြစ် ပြင်ဘကျေးရွာ ရေအားလျှပ်စစ်လုပ်ငန်းအတွက် ငွေကျပ်နှစ်သိန်း၊ ခပေါင်းတောကျေးရွာ ရေအားလျှပ်စစ်လုပ်ငန်းအတွက် ငွေကျပ်တစ်သိန်း၊ စို့ပြားကျေးရွာ ဒေသ ဖွံ့ဖြိုးရေးအတွက် ငွေကျပ်တစ်သိန်း၊ ယုံဆင်းကျေးရွာ ရေသွယ်ယူရေးအတွက် ငွေကျပ်တစ်သိန်း၊ ဆွဲလွဲကျေးရွာ ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်တစ်သိန်း၊ ရင့်ရောင်းကျေးရွာ ရေသွယ်ယူရေးအတွက် ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အိမ်သုံး၊ လူသုံးပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ် စာစောင်

ယဉ်ကျေးမှုသင်တန်းပို့ချ

ရန်ကုန် ဧပြီ ၂၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်တွင် ယနေ့နံနက် ၈နာရီခွဲက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးပုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး မြသိန်းတန်ဆရာတော် ဦးကေသရထံမှ ငါးပါးသီလခံယူသည်။ ဧပြီ ၂၈ရက်မှစ၍ သင်တန်းပို့ချလျက်ရှိကြောင်း သိရသည်။

(က-ပ)

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနား စစ်တွေမြို့၌ကျင်းပ

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားများကို ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

(အောက်ပုံ)

အစီအစဉ်အရ စစ်တွေမြို့ လမ်းမကြီးနှင့် မေယုလမ်းဆုံ နာရီစင်အဝိုင်းရှေ့တွင် "အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့" ဟူသော မြေစိုက်ပိုစတာကိုလည်းကောင်း၊ စစ်တွေမြို့ မေယုလမ်းနှင့် စက်ရုံစုလမ်းထောင့်တွင် "ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေအတည်ပြုစို့" ဟူသော မြေစိုက်ပိုစတာကိုလည်းကောင်း၊ စစ်တွေမြို့ ကမ်းနားလမ်းနှင့် အကောက်ရုံးလမ်းထောင့်တွင် "မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီ မရနိုင်၊ ဆူပူမှုဖြင့်ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်" ဟူသော မြေစိုက်ပိုစတာကိုလည်းကောင်း၊ စစ်တွေမြို့ လမ်းမကြီးနှင့် ကမ်းနားလမ်းထောင့်တွင် "မျိုးချစ်စိတ်ဓာတ်ထက်သန်သူတိုင်း၊ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း၊ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ် မလိုလားသူတိုင်း၊ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့" ဟူသော မြေစိုက်ပိုစတာကိုလည်းကောင်း၊ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်းစိုက်ထူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်ကြီးခရိုင်နှင့် တောင်ကြီး၊ ညောင်ရွှေ၊ ဟိုပုံးမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက်၈နာရီခွဲတွင် တောင်ကြီးမြို့မှ ရပ်စောက်မြို့နယ်ရှိ ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းများ၊ စက်ယန္တရားကြီးများအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စီမံကိန်းဧရိယာကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တည်နေရာ၊ စီမံကိန်းရည်ရွယ်ချက်များ၊ ရေသိုလှောင်ထိန်းသိမ်းနိုင်မည့်အပြင် ရေအားလျှပ်စစ်ပါ ထုတ်ယူရရှိမည့်အခြေအနေများ၊ လုပ်ငန်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က စီမံကိန်းပတ်ဝန်းကျင်နှင့် ဆက်စပ်နေရာများရှိ သစ်တောအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဆည်ရေ ထိန်းသိမ်းသိုလှောင်ရေး၊ ရေအားလျှပ်စစ်ထုတ်ယူရေးကိစ္စများနှင့်စပ်လျဉ်း၍ ဖြည့်စွက်တင်ပြသည်။

အလေးဂရုပြု

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ကျိုင်းခမ်းရေလှောင်တမံမှ ရေများကို ဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံတို့မှတစ်ဆင့် စိုက်ပျိုးရေးလုပ်ငန်းများသို့ ထိရောက်စွာ ပေးဝေရေးနှင့် အဆင့်ဆင့်ရေအားလျှပ်စစ်ထုတ်လုပ်မှုများကို အထောက်အကူပြုနိုင်ရေးတို့အတွက် အလေးဂရုပြုဆောင်ရွက်ရန်၊ ဆည်ရေများကို အလဟဿမဖြစ်စေဘဲ အကျိုးရှိစွာအသုံးပြုနိုင်အောင် စီမံဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းကို ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီး နမ့်အက်ချောင်းပေါ်၌ တည်ဆောက်နေခြင်းဖြစ်သည်။

ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းမှာ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းများတွင် ပါဝင်သော စီမံကိန်းတစ်ခုဖြစ်သည်။

ရေကူဖြည့်ပေး

ကျိုင်းခမ်းရေလှောင်တမံကိုတည်ဆောက်ခြင်းဖြင့် ဒေသအတွက် ရေအားလျှပ်စစ်ထုတ်ယူရရှိမည့်အပြင် တမံအောက်ဘက်ရှိ တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံသို့လည်း ရေကူဖြည့်ပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် ဇော်ဂျီရေလှောင်တမံမှ အသုံးပြုထုတ်လွှတ်ရေကို ရွာင်မြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြို့ကြီးရေလှောင်တမံမှ ရေတို့ဖြင့် ပေါင်းစပ်ကာ မိတ္ထီလာလွင်ပြင်ဒေသနှင့် လက်ရှိ ဇော်ဂျီရေသောက်စနစ်သို့ ရေပမာဏဧကပေ ၉၉၀၀၀၀ ခန့် ထုတ်လွှတ်ပေးနိုင်မည်ဖြစ်သည်။

ကျိုင်းခမ်းရေလှောင်တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၃၄၅၃၅၀ဖြစ်ပြီး အကြမ်းဖျဉ်းအားဖြင့် ရေအားလျှပ်စစ် ၆မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်သည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက် ၁၀နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမသို့ သွားရောက်ပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စူဠာမုနိလောကချမ်းသာစေတီတော်သို့ သွားရောက်ကြပြီး ရှေးဦးစွာ ကဿပဘုရားရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

လှည့်လည်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စေတီတော်ကို လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တောင်ကြီးမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

တွေ့ဆုံ

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၈နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်ကြီးခရိုင်နှင့် တောင်ကြီး၊ ညောင်ရွှေနှင့် ဟိုပုံးမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ပြည်နယ်၏ အကျယ်အဝန်း၊ ခရိုင်နှင့် မြို့နယ်များ ဖွဲ့စည်းထားရှိမှု၊ စိုက်ပျိုးမြေဧရိယာ၊ ရာသီဥတုအခြေအနေ၊ မိုးစပါး၊ နွေစပါးနှင့် အဓိကသီးနှံများ စိုက်ပျိုးနိုင်မှု၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှု၊ ဒေသဆန်ဖူလုံမှု၊ဆီဖူလုံမှု၊ငါး၊ပုစွန်၊ဥစားကြက်၊ အသားစားကြက်မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများ၊မြို့ရေရရှိရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ ပြည်နယ် မြို့တော် တောင်ကြီးမြို့ ဖွံ့ဖြိုးတိုးတက်လာမှုများနှင့် မြို့ပြအင်္ဂါရပ်များနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးမှုတင်ပြ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စိုက်ပျိုးမြေတိုးချဲ့စိုက်ပျိုးရေး၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးတက်မြင့်မားရေး၊ သီးနှံစိုက်စွမ်းအားမြင့်မားရေး၊ ဒေသအလိုက် ဆန်၊ ဆီဖူလုံမှုခိုင်မာရေး၊ ရော်ဘာ၊ ဆီအုန်းနှင့် အမယ်သစ် သီးနှံများဖြစ်သည့် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းစိုက်ပျိုးမှုအောင်မြင် မြင့်မားရေး၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက် စသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ပိုမိုတိုးမြှင့်သုံးစွဲနိုင်ရေး စသည့် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ရေခံ၊ မြေခံ အခြေခံကောင်းများ ပြည့်စုံသည့် ရှမ်းပြည်နယ်၏ လယ်ယာကဏ္ဍ သိသာစွာ ဖွံ့ဖြိုးရေးတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက လယ်ယာထွက်ကုန်သီးနှံများကို စိုက်ပျိုးရာ၌ ထုတ်လုပ်မှုအခြေအနေနှင့် ဝယ်လိုအား အခြေအနေ၊ ဈေးနှုန်းအခြေအနေအပေါ် မှီတည်၍ စိုက်ပျိုးသူလည်း အကျိုးရှိ၊ သီးနှံ ရောင်းဝယ်သူများလည်း အကျိုးရှိသော သီးနှံများကို ရွေးချယ်စိုက်ပျိုးကြရန် လိုကြောင်း။

အလေးထားဆောင်ရွက်

သီးနှံများကိုစိုက်ပျိုးရာ၌လည်း သီးနှံအရည်အသွေးမြှင့်တင်ရေးကိုလည်း အလေးထားရန်လိုကြောင်း၊ အရည်အသွေးထိန်းသိမ်းရေး၊ ဈေးကွက်ရရှိရေး၊ ဈေးနှုန်းတည်ငြိမ်ရေးတို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးက ညှိနှိုင်းပေါင်းစပ်ပြီး အလေးထားဆောင်ရွက်ကြခြင်းဖြင့် ထုတ်လုပ်မှု ကဏ္ဍရောကုန်သွယ်မှုကဏ္ဍပါ တိုးတက်လာနိုင်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာချိန်တွင် စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ သုံးစွဲမှုအဆင်ပြေရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ဓာတ်မြေဩဇာစက်ရုံများမှ ဓာတ်မြေဩဇာထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေ၊ ပြန်လည်ပြည့်ဖြိုးမြဲ ဇီဝလောင်စာဆီ သုံးစွဲနိုင်ရေးအတွက် သုတေသနပြုဆောင်ရွက်နေမှုများ၊ အေးသာယာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးပံ့ပိုးဖြည့်ဆည်းပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၏ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ ရောက်ရှိလာသည့် ခရီးစဉ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မှာကြားရာ၌ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတိုင်း စိုက်ပျိုးရေးကဏ္ဍတိုးတက်အောင် အလေးထားဆောင်ရွက်ခဲ့ကြောင်း။

ပြည်တွင်းစားသုံးမှုပိုလျှံ

အထူးသဖြင့် အမာခံရိက္ခာဖြစ်သည့် ဆန်စပါးဖူလုံရေးကို စီမံချက်ချ၍ အားပေးဆောင်ရွက်ခဲ့ရာ ယခုအခါ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံလျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ နယ်မြေအသီးသီး၌လည်း စားရေးအတွက် မပူပင်ရဘဲ ဒေသအလိုက် ဖူလုံမှုရှိအောင် အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) သည်လည်း ယခုအခါ ဒေသ ဆန်ဖူလုံလာပြီဖြစ်ကြောင်း။

မပူမပင် မကြောင့်မကြ

ထို့ကြောင့် ယခုနိုင်ငံတော်၏ လက်ရှိ ဆန်စပါးအထွက်ဖြင့်ပင် နောင်တိုးပွားလာမည့် လူဦးရေကို မပူမပင် မကြောင့်မကြ ကျွေးမွေးနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဟု ဆိုနိုင်ကြောင်း။

စပါးသီးနှံအပါအဝင် လယ်ယာသီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာ၌ နိုင်ငံတော်အပိုင်း၊ စိုက်ပျိုးသူ တောင်သူလယ်သမားအပိုင်းနှင့် ကုန်သွယ်ရောင်းဝယ်သူလုပ်ငန်းရှင်အပိုင်းတို့သည် ဟန်ချက်ညီညီ တာဝန်သိသိ အလုပ်လုပ်ကြရန်လိုအပ်ကြောင်း။

ပံ့ပိုးထောက်ကူ

နိုင်ငံတော်အပိုင်းက စိုက်ပျိုးရေ ရရှိရေး၊ မြေယာတိုးချဲ့ရေး၊ သီးနှံအထွက်တိုးရေးတို့အတွက် လိုအပ်သည့် ဆည်တမံ၊ မျိုးနှင့် စိုက်ပျိုးနည်းစနစ်တို့ကို ဖြည့်ဆည်းအားပေးဆောင်ရွက်သကဲ့သို့ သီးနှံများကို ရောင်းဝယ်လျက်ရှိကြသည့် လုပ်ငန်းရှင်များကလည်း ရောင်းဝယ်ရေးလုပ်ငန်းအပြင် လိုအပ်သောမျိုးနှင့် အခြားသွင်းအားစုများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ သီးနှံသုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သီးနှံဈေးနှုန်း မှန်ကန်တည်ငြိမ်အောင် ထိန်းသိမ်းခြင်းတို့ဖြင့် လယ်ယာကုန်ထုတ်လုပ်မှုကို ပံ့ပိုးအထောက်အကူပြုရန် လိုအပ်ကြောင်း။

အဓိကမှာ သီးနှံအထွက် တိုးတက်သကဲ့သို့ သီးနှံအရည်အသွေး တိုးတက်ကောင်းမွန်လာရန် ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အရေအတွက်အရကုန်ထုတ်လုပ်မှု တိုးတက်သည့်နည်းတူ အရည်အသွေး အဆင့်အတန်းရှိရန် ဖြစ်ကြောင်း။

ပိုမိုများပြား

မိမိတို့အားလုံး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်၏ စီးပွားရေးသည် နှစ်စဉ်တိုးတက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ ပြည်ပပို့ကုန် သွင်းကုန်ပမာဏသည်လည်း ပိုမိုများပြားလာကြောင်း။

ယင်းကဲ့သို့ အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး အရှိန်အဟုန်မပျက် စီးပွားရေးတိုးတက်သွားရန် ဝိုင်းဝန်းကြိုးစားအားထုတ်ကြရမှာဖြစ်ကြောင်း။

တီထွင်ကြံဆလုပ်ကိုင်

မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးတိုးတက်စေရုံသာမက ထုတ်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့်တင်နိုင်အောင် (Value Added)လည်း တီထွင်ကြံဆ လုပ်ကိုင်ကြရန်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ပြည်သူများကလည်း တစ်နိုင်ငံလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။ **(သတင်းစဉ်)**

● ဒီမိုကရေစီရရှိဖို့ မဲရုံသွား၍ မဲပေးစို့ ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး စတင်ကျင်းပ

နေပြည်တော် ဧပြီ ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်လယ်ဝေးရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

နှစ်ပတ်လည် အစည်းအဝေးသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်စောနှင်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါက်တာဒေါ်တင်လင်းမြင့်နှင့်ဒေါ်အေးအေး၊ဗဟိုအလုပ်အမှုဆောင်များ၊ဗဟိုကောင်စီဝင်များ၊ပြည်နယ်နှင့်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူး တက်ရောက်ကြသည်။

သဘာပတိ

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး (၂) ဒေါက်တာဒေါ်သိန်းသိန်းဌေးက ဆောင်ရွက်သည်။

လက်တွဲကြိုးပမ်း

ရှေးဦးစွာ သဘာပတိမြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်စောနှင်းက**(အပေါ်ယာပုံ)** အဖွင့်အမှာ စကားပြောကြားရာတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးအနေဖြင့်မိမိတို့အသင်းကြီး၏ရည်မှန်းချက်များနှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိအမျိုးသမီးနှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်ရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ပါ အခြားသော လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပါဝင် လက်တွဲကြိုးပမ်း ဆောင်ရွက်လာခဲ့ကြသည်မှာ ယခုဆိုလျှင်အသင်းကြီး၏ သက်တမ်း ၁၇နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် မိမိ နိုင်ငံသူ နိုင်ငံသားပြည်သူများ၏ အားထုတ်ကြိုးပမ်းမှုဖြင့်သာ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အမျိုးသားရေး လမ်းကြောင်းမှန်အတိုင်း တိုးတက်ဖြစ်ထွန်း စေရမည်ဆိုသည့်ခံယူချက်ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြစေရန် အားပေးဆောင်ရွက်နေချိန်ဖြစ်ကြောင်း။

အထောက်အကူ

ဤအချိန်အခါမျိုးတွင် နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် ပြည်သူများ ကိုယ်တိုင် ပါဝင်သည့် လူမှုရေးအသင်းအဖွဲ့များကို ဆိုင်ရာ ဆိုင်ရာ ကဏ္ဍများအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိရာတွင် မိမိတို့အသင်းကြီးအနေဖြင့် ထိုက်တန်သည့် နေရာကနေ တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင် ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ ရည်မှန်းချက်များကို များစွာအထောက်အကူဖြစ်စေလျက်ရှိကြောင်း။

ယနေ့ အချိန်အခါတွင် မိမိတို့အသင်းကြီးအနေဖြင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်မှသည် ရပ်ကွက်၊ကျေးရွာအဆင့်အထိ အသင်းခွဲပေါင်း နှစ်သောင်းကျော်တွင် အသင်းဝင်ပေါင်း ကိုးသန်းကျော် ၁၀သန်းနီးပါးက အမျိုးသားရေးစိတ်ဓာတ်၊ လူမှုရေး စိတ်ဓာတ် ထက်သန်စွာဖြင့် မိမိဆန္ဒအလျောက်အသင်းဝင်များအဖြစ် ပါဝင်လှုပ်ရှားဆောင်ရွက်နေကြသည့် လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် အခိုင်အမာ ရပ်တည်လျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

အင်အားအရရော အရည်အသွေးအရပါ တစ်နိုင်ငံလုံး စနစ်တကျဖြန့်ကြက် ဖွဲ့စည်းထားသည့် မိမိတို့အသင်းကြီး၏ စွမ်းအားကို နိုင်ငံနှင့်လူမျိုးအကျိုးအတွက် ထိရောက် ထိုက်တန်စွာ အသုံးပြုရင်း မိခင်နှင့်ကလေးများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊မိသားစုဘဝလုံခြုံမှု၊ မိသားစုဝင်ငွေတိုးတက်မှု လုပ်ငန်းများ အပါအဝင် ကလေးသူငယ်များ၊လူငယ်လူရွယ်များ၊ သက်ကြီး ရွယ်အိုများနှင့် လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်လုံး၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း များစွာတွင် နိုင်ငံတော်အစိုးရဌာနများ၊အခြားသော လူမှုရေး အဖွဲ့အစည်းများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

အောင်အောင်မြင်မြင်

မိမိတို့အသင်းကြီးအနေဖြင့်ကျန်းမာရေးကဏ္ဍတွင် မိခင်သေနှုန်း၊ ကလေးသေနှုန်း ကျဆင်းရေးလုပ်ငန်းများဖြစ်သည့် မျိုးဆက်ပွား ကျန်းမာရေး (Reproductive Health) လုပ်ငန်းများ၊ လုံခြုံစိတ်ချ မိခင်ဘဝ (Safe Motherhood) ဆိုင်ရာ လုပ်ငန်းများ၊ ကိုယ်ဝန်ဆောင် မိခင်တိုင်း ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု ခံယူစေရေး လုပ်ငန်းများ၊ ဒေသခံ အရန်သားဖွားဆရာမများ၊ ဆယ်အိမ်စုမှူးများ မွေးထုတ်မှုလုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်လျက်ရှိကြောင်း။

ဖြန့်ကြက်ဆောင်ရွက်

ရောဂါကာကွယ်ရေးအပိုင်းတွင်လည်း အနာကြီး၊ ငှက်ဖျား၊ တီဘီ၊ HIV, DHF, သွေးလွန် တုပ်ကွေးရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ရေး အသိပညာပေးမှု၊ ကုသပေးမှုလုပ်ငန်းများကိုပါ အခြေခံအဆင့် ကျေးလက်များအထိ ဖြန့်ကြက် ဆောင်ရွက်နိုင်လျက်ရှိကြောင်း။

ထို့အပြင် မိသားစုဝင်ငွေတိုးရေးလုပ်ငန်းများ၊ အိမ်တွင်း သက်မွေးပညာ သင်တန်းဖွင့်လှစ် လေ့ကျင့်ပေးမှုများ၊ အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်း တိုးပွားရေးနှင့် မိသားစုဘဝ လုံခြုံရေး လုပ်ငန်းများစွာကို ဆောင်ရွက်ရင်း အမျိုးသမီးများနှင့် ကလေးငယ်များ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ စံပြကျေးရွာထူထောင်ရေး၊ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ဆောင်ရွက်နိုင်လျက်ရှိကြောင်း။

ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍတွင် ဆိုလျှင်လည်း ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မူကြိုကျောင်း၊ စေတနာ့ညကျောင်းနှင့် စာမတတ်သူပပျောက်ရေး သင်တန်းများ ဖွင့်လှစ် ထူထောင်ပေးမှုများ၊ ကျောင်းနေအရွယ်ကလေးများကျောင်းနေရေး၊ ချို့တဲ့ ကလေးများ စဉ်ဆက်ပညာသင်ကြားနိုင်ရေးတို့အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများ၊ ပညာသင်ဆုချီးမြှင့်မှုများကိုပညာရေးဝန်ကြီးဌာနနှင့်တကွ အခြားသောလူမှုရေးအသင်းအဖွဲ့များနှင့်ပါ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်ကြိုးပမ်း

အထူးသဖြင့် ဘက်စုံ ကဏ္ဍစုံ၊ အလွှာစုံ နေရာစုံတွင် တစ်နိုင်ငံလုံး စနစ်တကျ ဖြန့်ကြက်လွှမ်းခြုံလှုပ်ရှား ဆောင်ရွက်နိုင် သည့် မိမိတို့အသင်းကြီး၏ စွမ်းအားကို နိုင်ငံနှင့်ပြည်သူအကျိုးအတွက် ထိရောက် ထိုက်တန်စွာ အသုံးပြုနိုင်စေရန် ထက်မြက်သည့် အစီအမံများ၊ လက်တွေ့ကျသည့် လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်သွားနိုင်စေရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားလိုကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် နိုင်ငံတော်အစိုးရ ဝန်ကြီးဌာန အသီးသီး၏ ပြည်သူများ၏ ကျန်းမာရေးဘဝ စောင့်ရှောက်မြှင့်တင်ရေး၊ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းအသီးသီးတွင် မိမိတို့အသင်းကြီး၏ ပင်မ တာဝန်ဝတ္တရားများဖြစ်သည့် မိခင်နှင့်ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်ရေး၊ မိခင်များ၊ အမျိုးသမီးများ၏ လူနေမှု ဘဝ မြှင့်တင်ရေး၊ မိခင်နှင့် ကလေးများ ဘဝ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လိုက်လျောညီထွေ ပေါင်းစည်းဆက်စပ်ပြီး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

အဓိကအားဖြင့် မိမိတို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းကြီးအနေဖြင့် မိမိတို့လိုနိုင်ငံ၏ရှေ့ရေးအတွက် ကောင်းမြတ်သောရည်ရွယ်ချက်၊ တူညီသော မျှော်မှန်းချက်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး အပါအဝင် အခြားသော လူမှုရေးအဖွဲ့အစည်းများ အားလုံးနှင့်အတူ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့်လှုပ်ရှားဆောင်ရွက်နေသည့် အမျိုးသားရေး ကြိုးပမ်းလှုပ်ရှားမှုများတွင် တစ်စိတ်တစ်ဝမ်းတည်း ပေါင်းစည်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လက်တွဲကြိုးပမ်း

ယနေ့အချိန်အခါ၏ အမျိုးသားရေး လိုအပ်ချက် ဖြစ်သည့်အပြင် သမိုင်း၏ တောင်းဆိုချက်လည်းဖြစ်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး လုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းရေးအတွက် မိမိတို့ အသင်းကြီးအနေဖြင့် ပြည်သူများနှင့် တစ်သားတည်းပါဝင် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ဖတ်ကြားတင်သွင်း

ထို့နောက် အသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ၂၀၀၇ ခုနှစ် လုပ်ငန်းအစီရင်ခံစာကို လည်းကောင်း၊ အကျိုးဆောင် စာရင်းစစ် ဒေါ်သင်းသင်းက ၂၀၀၇-၂၀၀၈ခုနှစ် ဘဏ္ဍာရေးနှစ်၏ စာရင်းစစ် အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်းက ၂၀၀၇-၂၀၀၈ ခုနှစ် ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၀၈-၂၀၀၉ခုနှစ် ရသုံးမှန်းခြေစာရင်းတို့ကို လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး နှစ်ပတ်လည် အစည်းအဝေး၏ အတည်ပြုချက်ကို ရယူကာ သဘာပတိက အတည်ပြု၍ နံနက်ပိုင်း အစည်းအဝေးအစီ အစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နှစ်ပတ်လည် အစည်းအဝေးအစီအစဉ်များကို ပြန်လည်ကျင်းပရာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း (အရှေ့ပိုင်း)နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ၂၀၀၇ ခုနှစ် နှစ်ချုပ် အစီရင်ခံစာများကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူးများက ဖတ်ကြား တင်ပြကြပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍သဘာပတိ ဒေါ်ခင်စောနှင်းက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးကာ အစည်းအဝေးအစီအစဉ်များကို ခေတ္တရပ်နားသည်။

တင်ပြ

ထို့နောက် ညနေပိုင်းတွင်နှစ်ပတ်လည် အစည်းအဝေး အစီအစဉ်များကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ဆောင်ရွက်ပြီး မကွေးတိုင်း၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ရခိုင်ပြည်နယ်နှင့်ရန်ကုန်တိုင်းတို့မှမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ၂၀၀၇ ခုနှစ် နှစ်ချုပ် အစီရင်ခံစာများကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းများမှ တွဲဖက်အတွင်းရေးမှူးများက ဖတ်ကြား တင်ပြကြသည်။

ဖြည့်စွက်ဆွေးနွေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ သဘာပတိက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးပြီး နှစ်ပတ်လည် အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

နှစ်ပတ်လည် အစည်းအဝေးကို ဧပြီ ၂၉ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ကယားပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၇ခုနှစ် နှစ်ချုပ် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၇ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၇ခုနှစ် နှစ်ချုပ် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အကျိုးဆောင် စာရင်းစစ် ဒေါ်သင်းသင်း ၂၀၀၇-၂၀၀၈ခုနှစ် ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၇ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

လူတိုင်းတာဝန်ကျေပွန်မှ အားလုံးအခွင့်အရေးရမည်

စိုင်းသီဟ

လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ခွင့်ဟူသည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို နိုင်ငံသားများကိုယ်စား သက်ဆိုင်ရာ အဖွဲ့သုံးဖွဲ့က ကိုင်တွယ်ကျင့်သုံးခြင်းပင်ဖြစ်သည်။

ထိုအဖွဲ့သုံးဖွဲ့ကို ဥပဒေပြုအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့ဟု ခေါ်နိုင်သည်။ ဥပဒေစကားရပ်အရ ဥပဒေပြုအဖွဲ့ကို လွှတ်တော်၊ အုပ်ချုပ်ရေးအဖွဲ့ကို အစိုးရအဖွဲ့၊ တရားစီရင်ရေးအဖွဲ့ကို တရားလွှတ်တော်ဟု ခေါ်လေ့ရှိသည်။

ဒီမိုကရေစီ(ဝါ)ပြည်သူ့အုပ်ချုပ်ရေးစနစ် ကျင့်သုံးသော နိုင်ငံတိုင်းတွင် ဥပဒေများကို ဥပဒေပြုအဖွဲ့က ရေးဆွဲပြဋ္ဌာန်းပေးသည်။ အုပ်ချုပ်ရေးအဖွဲ့က ထိုဥပဒေများနှင့်အညီ နိုင်ငံကို စီမံခန့်ခွဲအုပ်ချုပ်ရသည်။ ထိုသို့အုပ်ချုပ်ရာတွင် နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားများ လူချင်းတူတူ၊ သူချင်းမျှမျှ တန်းတူအခွင့်အရေးရပြီး လုံခြုံချောမွေ့စွာ နေထိုင်သွားလာ ကူးသန်းရောင်းဝယ် လုပ်ကိုင်နိုင်အောင် သွက်လက်ထက်မြက်စွာ စီမံခန့်ခွဲပေးရသည်။ ထုတ်ပြန်ထားသော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ပြီး နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ အများပြည်သူ အနှောင့်အယှက်ဖြစ်အောင် လုပ်ဆောင်လာသူများကိုလည်း ဥပဒေကျင့်ထုံးများနှင့်အညီ တရားစီရင်ရေးအဖွဲ့များက စစ်ဆေးစီရင်ကြရသည်။ ယင်းသည် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုအရ ဆောင်ရွက်ခွင့် ရရှိခြင်းဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ခွင့်ရရှိမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းလေ့ရှိကြသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုသည်မှာ အကြင်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ခွင့်ကို ဖော်ညွှန်းပြသခြင်းလည်း ဖြစ်သည်။ အချုပ်အခြာအာဏာသည် ထိုနိုင်ငံ၏ နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌ တည်နေကြောင်းကို မီးမောင်းထိုးပြခြင်းလည်း မည်ပေသည်။

ယနေ့ မြန်မာနိုင်ငံကို တာဝန်ယူအုပ်ချုပ်နေသော အစိုးရသည် တပ်မတော်အစိုးရ ဖြစ်သည်။ တပ်မတော်အစိုးရသည် ၁၉၈၈ခုနှစ် တိုင်းပြည်တွင် အဘက်ဘက်မှ ယိုယွင်းပျက်စီးနေမှုများကို တာဝန်ယူ ထိန်းမတ်ပြုပြင်ပြီး နိုင်ငံကို ပြန်လည်ထူထောင်မြှင့်တင် ပေးလျက်ရှိသည်။ တိုင်းပြည်၏ အချုပ်အခြာအာဏာပိုင်ခွင့် မပျက်ယွင်းစေရေး၊ အထိပါး မခံရစေရေးတို့အတွက် နိုင်ငံတော်တာဝန်ကို ရယူထားသော်လည်း ရေရှည် ချုပ်ကိုင်ထားလိုသော ဆန္ဒမရှိပေ။

လက်မွန်မဆွ ရေးဦးကာလကပင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာသောအစိုးရအား နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးအပ်မည်ဟု ကတိပြုထားသည်။ အခွင့်အခါကြုံကြိုက်တိုင်းလည်း ထပ်လောင်းဖော်ပြခဲ့သည်။

ယင်းသို့ နိုင်ငံ့တာဝန်ကို တည်ငြိမ်အေးချမ်းစွာနှင့် စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရန်အတွက် လိုအပ်သော အခြေခံကောင်းများကို ကြိုးပမ်းဖော်ဆောင်ခဲ့ခြင်းကြောင့် ယခုအခါ အခြေခံဥပဒေမူကြမ်းအဆင့်အထိ ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။ မကြာမီ ရက်ပိုင်းအတွင်း အခြေခံဥပဒေအတည်ပြုရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပတော့မည်ဖြစ်သည်။

ယခုအခါ အခြေခံဥပဒေကို ယခင်အခြေခံဥပဒေနှစ်ရပ် ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့ကြသကဲ့သို့ ချို့ယွင်းအားနည်းမှုများကို နိုင်ငံသူ၊ နိုင်ငံသားများ ထပ်မံမခံစားရစေရေးအတွက် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍဖြင့် ထိန်းကျောင်းပေးထားသည်။ ဥပဒေပြုအဖွဲ့ အဆင့်ဆင့်တွင် အရွေးချယ်ခံ ကိုယ်စားလှယ်ဦးရေ၏ သုံးပုံတစ်ပုံမျှသော တပ်မတော်သား ကိုယ်စားလှယ်များ ပါဝင်နေခြင်းသည် အမျိုးသားနိုင်ငံရေးမှ သွေဖည်သွားမည့် ပါတီနိုင်ငံရေး၊ အာဏာနိုင်ငံရေး လှုပ်ရှားလာမှုများရှိပါက ပြည်သူလူထုကိုယ်စား စောင့်ကြည့်ပြီး ကန့်ကွက်သွားရန်အတွက်သာ ဖြစ်ပေသည်။

တစ်နည်းအားဖြင့် ခိုင်မာပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ် အလေ့အကျင့်ကောင်းများ ရရှိထွန်းကားပြန့်ပွားစေရေး ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ဖော်ဆောင်ထားခြင်း ဖြစ်သည်။ ကာလအခြေအနေကိုကြည့်လျှင်လည်း ယနေ့အချိန်အခါသည် ရိုးသားမွန်မြတ်သော နိုင်ငံရေးသမား မျိုးဆက်သစ် လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးရမည့် ကာလဖြစ်နေပေသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းသတ်မှတ်ချက်များကို လေ့လာလျှင် ထိုအချက်ကို ပို၍သိရှိနိုင်သည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအား အသက်အားဖြင့် (၂၅) နှစ်ပြည့်ပြီးသူဟု သတ်မှတ်ထားသည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းအား အသက် (၃၀) ပြည့်ပြီးသူဟု သတ်မှတ်ထားသည်။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကိုလည်း အသက်(၂၅)နှစ်ပြည့်ပြီးသူဟု သတ်မှတ်ထားသည်။ ဥပဒေအရ သတ်မှတ်ချက်နှင့် ညီညွတ်သူ နိုင်ငံသားတိုင်း လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

ထို့ကြောင့် **အသက်(၂၅)နှစ်မှ (၃၀)ပြည့်ပြီးသူ နိုင်ငံသားတိုင်းသည် မကြာမီ ပြောင်းလဲကျင့်သုံးမည့် ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်အရ အရည်အချင်းသတ်မှတ်ချက်နှင့်ညီညွတ်ပြီး မိမိနယ်မြေဒေသမှ မဲဆန္ဒရှင် ပြည်သူများ၏ ထောက်ခံမှုကိုရရှိပါက လွှတ်တော်တစ်ရပ်ရပ်တွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် ရရှိလာမည်မှာ မလွဲကေန်** ဖြစ်သည်။

အမျိုးသားရေးသမိုင်းပေးတာဝန် ကျေပွန်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေး ခရီးလမ်းတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင် လျှောက်လှမ်းခြင်းသည် လုပ်သင့်လုပ်ထိုက်သော အလုပ်ဖြစ်။

အခြေခံဥပဒေကို ထောက်ခံအတည်ပြုသူတိုင်းကို အခြေခံဥပဒေက ပြန်လည်ထောက်ခံ အတည်ပြုမည်သာ။

၄င်းအခွင့်အရေးအတွက် မဲဆွယ်မှု၊ မဲဝယ်မှု၊ လုံ့ဆော်မှု၊ ဝါဒဖြန့်မှု၊ နိုင်ငံရေးအရောင်ဆိုးမှု၊ ဝါဒအစွဲအလမ်းစသည်များကို လုံးဝထားရှိရန် မလိုအပ်ပေ။ အမျိုးသားနိုင်ငံရေးကိုသာ အလေးထားပြီး ရပ်ရွာဒေသအကျိုးကို အနစ်နာခံသယ်ပိုးသူတိုင်း လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာနိုင်သည်မှာ သေချာလှသည်။

အသက်(၂၅)နှစ်မှ (၃၀)ပြည့်ပြီးသူ နိုင်ငံသားတိုင်းသည် မကြာမီ ပြောင်းလဲကျင့်သုံးမည့် ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်အရ အရည်အချင်း သတ်မှတ်ချက်နှင့် ညီညွတ်ပြီး မိမိနယ်မြေဒေသမှ မဲဆန္ဒရှင် ပြည်သူများ၏ ထောက်ခံမှုကို ရရှိပါက လွှတ်တော်တစ်ရပ်ရပ်တွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် ရရှိလာမည်မှာ မလွဲကေန်။

ယင်းသည် ယခုအခြေခံဥပဒေကို ထောက်ခံမဲဖြင့် အတည်ပြုပေးလိုက်ခြင်းကြောင့် တစ်မုဟုတ်ချင်း အခြေခံဥပဒေက မိမိတို့အား ပြန်လည်ပေးအပ်လာမည့် နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။ ထိုအခွင့်အရေးကို ယနေ့ကာလတွင် မရရှိနိုင်သေးပါ။ အခြေခံဥပဒေကို အတည်ပြုပြီး ပြည်သူ့ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းလာမှသာ လက်ဝယ်ပိုင်ပိုင် ရရှိနိုင်မည် ဖြစ်ပေသည်။

ထို့ကြောင့် **အမျိုးသားနိုင်ငံရေးနှင့် မဝေးကွာသင့်ပေ။ အလှမ်းမကွာအပ်ပေ။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးကို လိုလားတောင့်တ ပါဝင်ဆောင်ရွက်ကြသူတိုင်း အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် လူမျိုးမရွေး၊ ဘာသာမရွေး ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ခွင့် အပြည့်အဝ ရှိပေသည်။ ထိုအခွင့်အရေးကို ယခု ဖွဲ့စည်းပုံအခြေခံဥပဒေက မိမိတို့အား အတိအလင်း အပ်နှင်းပေးထားပြီး ဖြစ်သည်။**

"လောကမှာ လုပ်သင့်လုပ်ထိုက်တာကိုသာ လုပ်ပါ။ လူဆိုတာ လူ့ဘောင်လောကရဲ့တာဝန်ကိုထမ်းဆောင်ဖို့ မွေးဖွားလာတဲ့ လူချည်းပဲ" ဟု စာရေးဆရာကြီး ဂေါ်ကီက ဆိုထားသည်။ **"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်"** ဟူ၍လည်း နိုင်ငံတော်က ကာလရှည်ကြာစွာကပင် အသိပေး တိုက်တွန်းထားသည်။ ယခုတစ်ဖန် **" အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေး တာဝန်ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့"** ဟုလည်း နှိုးဆော်နေပေပြီ။

သို့ဖြစ်လျှင် **အမျိုးသားရေးသမိုင်းပေးတာဝန် ကျေပွန်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေး ခရီးလမ်းတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင် လျှောက်လှမ်းခြင်းသည် လုပ်သင့်လုပ်ထိုက်သော အလုပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပေလိမ့်မည်။ အခြေခံဥပဒေကို ထောက်ခံ အတည်ပြုသူတိုင်းကို အခြေခံဥပဒေက ပြန်လည်ထောက်ခံ အတည်ပြုမည်သာ ဖြစ်သည်။** လူတိုင်းတာဝန်ကျေပွန်မှ အားလုံးအခွင့်အရေးရမည် ဟုသာ ဆိုလိုက်ရပါသည်။ ။

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

မြန်မာပရိသတ်တို့ စိတ်ဝင်စားကြသည့် ဂျူမုံနှင့်ချိုဝမ်တို့အကြောင်း တစေ့တစောင်း

ဆွန်အီဂွတ် (ခ) ဂျူမုံ



ဆိုးလ် ဧပြီ ၂၈

တောင်ကိုရီးယား အမျိုးသားသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဆွန်အီဂွတ်(ခ)ဂျူမုံဟာ အာရှပရိသတ်တွေရဲ့ နှစ်ခြိုက်အားပေးမှုခံရတဲ့ အနုပညာရှင်တစ်ဦးဖြစ်ပြီး သန်းပေါင်းများစွာသော အာရှပရိသတ်တွေရဲ့ စိတ်ဝင်စားမှုအခံရဆုံး တောင်ကိုရီးယား အနုပညာရှင်တစ်ဦးလည်း ဖြစ်ပါတယ်။

ဝါသနာပါ

ဂျူမုံဟာ ၁၉၇၁ခုနှစ် အောက်တိုဘာလ၁ရက်မှာ မွေးဖွားခဲ့သူဖြစ်လို့ အခုဆိုရင် ၃၇နှစ်ရှိပြီးဖြစ်တဲ့ အနုပညာရှင်တစ်ဦးဖြစ်ပြီး ဂျူမုံအမေကလည်း ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်ပါတယ်။ ဂျူမုံဟာ တောင်ကိုရီးယားနိုင်ငံ ချုံကျူတက္ကသိုလ်က ဘွဲ့ရပညာတတ် တစ်ဦးဖြစ်ပြီး ငယ်စဉ်ကတည်းက သရုပ်ဆောင်လုပ်ရတာကို ဝါသနာပါခဲ့သူ ဖြစ်ပါတယ်။

ဂျူမုံအနေနဲ့ သရုပ်ဆောင်အဖြစ် အောင်မြင်မှုရရှိခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားကတော့ ၂၀၀၁ခုနှစ် အမ်ဘီစီက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ All about Eve ဇာတ်ကားဖြစ်ပါတယ်။ နောက်ထပ် ပရိသတ်တွေ လက်ခံအားပေးခဲ့ကြတဲ့ ဇာတ်ကားတွေကတော့ ၂၀၀၃ခုနှစ်မှာ Bodyguard ဇာတ်ကားနဲ့ Desert spring ဇာတ်ကား၊ ၂၀၀၄ခုနှစ်ကရိုက်ကူးခဲ့တဲ့ Terms of Endernent၊ ၂၀၀၄ခုနှစ်မှာ " Sea God"၊ ၂၀၀၆ခုနှစ်မှာ "Jumong"နဲ့ ၂၀၀၇ခုနှစ်မှာ"Lobbyist" တို့ဖြစ်ပါတယ်။ ဒါ့အပြင် အခြားရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေလည်း အများကြီး ရိုက်ကူးခဲ့ပါသေးတယ်။

သရုပ်ဆောင်ဆု

ဒီလိုရုပ်ရှင်အနုပညာနယ်ပယ်မှာ ဖွဲကောင်းစွာနဲ့ ကြိုးစားခဲ့တာမို့ ၂၀၀၂ခုနှစ်မှာ တောင်ကိုရီးယားနိုင်ငံရဲ့ အကောင်းဆုံး သရုပ်ဆောင်သစ်ဆုကို ရရှိခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၅ခုနှစ်မှာ အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုရရှိခဲ့ပြီး ၂၀၀၆ခုနှစ်မှာ အကောင်းဆုံး ဒရမ်မာ သရုပ်ဆောင်ဆုရရှိခဲ့ပါတယ်။ ဒါ့အပြင် အဲ့ဒီ ၂၀၀၆ခုနှစ်မှာပဲ အမ်ဘီစီကုမ္ပဏီက ချီးမြှင့်တဲ့ အနုပညာဆိုင်ရာ ဆုကိုလည်း လက်ခံရရှိခဲ့ပါတယ်။

ဂျူမုံဟာပြီးခဲ့တဲ့ မတ်လ ၁၅ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာရှိတဲ့ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်မှာ သူ့ရဲ့ မင်္ဂလာလက်ထပ်ပွဲကိုကျင်းပခဲ့ပါတယ်။ လက်ထပ်ပွဲကျင်းပခဲ့တဲ့နေရာက ဆိုးလ်မြို့ရှိ ရှီရာတန်အရပ်မှာရှိတဲ့ ဟိုတယ်ဖြစ်ပါတယ်။

အားပေး

ဂျူမုံအနေနဲ့ အခုဆိုရင် ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခုရိုက်ကူးဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ ဒီရုပ်မြင်သံကြားဇာတ်လမ်းတွဲဟာ၂၀၀၈ခုနှစ်အတွင်းမှာ ထုတ်လွှင့်ပြသနိုင်အောင် ကြိုးစားသွားမယ်လို့ သိရပါတယ်။ အသက်အတန်ကြီးလာတဲ့ ဂျူမုံဟာ တရုတ်နဲ့ ဂျပန်နိုင်ငံတွေက ပရိသတ်တွေကတော့ နှစ်နှစ်ခြိုက်ခြိုက်အားပေးနေကြဆဲဖြစ်တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်ပါတယ်။ ။

လီဒါဟေး (ခ) ချိုဝမ်

အာရှပရိသတ်တွေ အထူးနှစ်သက် အားပေးတဲ့ တောင်ကိုရီးယား အမျိုးသမီး သရုပ်ဆောင်တစ်ဦးကတော့ လီဒါဟေး(ခ)ချိုဝမ်ပဲ ဖြစ်ပါတယ်။ အသက် ၂၄နှစ်သာရှိသေးတဲ့ လီဒါဟေး(ခ)ချိုဝမ်ဟာ " My Girl and Green Rose" ရုပ်မြင်သံကြားဇာတ်လမ်းတွဲနဲ့ နာမည်ကြီးခဲ့သူဖြစ်ပြီး လက်ရှိအချိန်မှာ တောင်ကိုရီးယားနိုင်ငံရဲ့ အအောင်မြင်ဆုံး အမျိုးသမီးသရုပ်ဆောင်တစ်ဦးအဖြစ် ရပ်တည်နေသူလည်း ဖြစ်ပါတယ်။

လီဒါဟေးဟာ သူ့မိခင်နဲ့အတူ ဆိုးလ်မြို့မှာနေထိုင်ပေမယ့် သူ့ရဲ့ဖခင်နဲ့အစ်ကိုဖြစ်သူကတော့ သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှာ နေထိုင်လျက်ရှိပါတယ်။ သူတို့မိသားစုကတော့ ဆိုးလ်မြို့နဲ့ ဆစ်ဒနီမြို့ကို တစ်လှည့်စီ သွားလိုက်၊လာလိုက် နေထိုင်ကြပါတယ်။ လီဒါဟေးနဲ့မိခင်တို့ ဆိုးလ်မှာနေထိုင်တာက လီဒါဟေးရဲ့ ရုပ်ရှင်အနုပညာကြောင့်ဖြစ်ပြီး ဖခင်နဲ့ အစ်ကိုတို့ကတော့ စီးပွားရေးကြောင့် ဆစ်ဒနီမြို့မှာ နေထိုင်လုပ်ကိုင်ကြတာ ဖြစ်ပါတယ်။

လူကြိုက်များ

လီဒါဟေးရဲ့နောက်ဆုံးရိုက်ကူးခဲ့တဲ့"Hello! Miss" ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကတော့ တောင်ကိုရီးယားမှာ ပြသနေပြီး လူကြိုက်များတယ်လို့ ဆိုပါတယ်။ အခုဆိုရင် တောင်ကိုရီးယားမှာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ အသစ်တစ်ခု ရိုက်ကူးဖို့စီစဉ်နေတာမို့ လီဒါဟေးရဲ့ ပရိသတ်တွေအတွက်ကတော့ အကြိုက်တွေ့ဦးမှာ ဖြစ်ပါတယ်။

လီဒါဟေး(ခ)ချိုဝမ်ရဲ့ ရိုက်ကူးပြီးသမျှ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေကတော့ ၂၀၀၂ ခုနှစ်မှာ "**လင်းလင်း**" အမည်ရှိတဲ့ ဇာတ်ကားအပါအဝင် ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ၁၀ခု ရိုက်ကူးခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် စီးပွားရေးကြော်ငြာရိုက်ကူးခဲ့တာတွေလည်း အများကြီးပါပဲ။ အနုပညာနဲ့ပတ်သက်တဲ့ဆုတံဆိပ်တွေ ရရှိမှုကတော့ ၂၀၀၄ခုနှစ်မှာ "Lotus Flower Fairy" ရုပ်မြင်သံကြား ဇာတ်လမ်းတွဲနဲ့ အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု၊ ၂၀၀၅ခုနှစ်မှာလည်း အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု၊ ၂၀၀၅ခုနှစ်မှာပဲ အက်စ်ဘီအက်စ် ရုပ်သံလိုင်းက ချီးမြှင့်တဲ့ အကောင်းဆုံးသရုပ်ဆောင်ဆု(My Girl and Green Rose) ရရှိခဲ့ပြီး ၂၀၀၆ခုနှစ်မှာ အကျော်ကြားဆုံး သရုပ်ဆောင်ဆုတွေ ရရှိခဲ့ပါတယ်။

သွားရောက်မည်

ချိုဝမ်ဟာ ဧပြီလကုန်မှာ သူ့ဖခင်နဲ့ အစ်ကိုရှိရာသြစတြေးလျနိုင်ငံကို သွားရောက်မှာဖြစ်ပြီး မကြာမီမှာ ရိုက်ကူးမယ့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲရိုက်ကူးဖို့ မေလပထမပတ်မှာ တောင်ကိုရီးယားကို ပြန်လာမယ်လို့ဆိုပါကြောင်း ဖော်ပြလိုက်ရပါတယ်။ ။

ဆွန်အီဂွတ်(ခ)ဂျူမုံဟာ အာရှပရိသတ်တွေရဲ့ နှစ်ခြိုက်အားပေးမှုခံရတဲ့ အနုပညာရှင်တစ်ဦးဖြစ်ပြီး သန်းပေါင်းများစွာသော အာရှပရိသတ်တွေရဲ့ စိတ်ဝင်စားမှုအခံရဆုံး တောင်ကိုရီးယား အနုပညာရှင်တစ်ဦးလည်းဖြစ်။

အသက် ၂၄နှစ်သာရှိသေးတဲ့ လီဒါဟေး(ခ)ချိုဝမ်ဟာ "My Girl and Green Rose" ရုပ်မြင်သံကြားဇာတ်လမ်းတွဲနဲ့ နာမည်ကြီးခဲ့သူဖြစ်ပြီး လက်ရှိအချိန်မှာ တောင်ကိုရီးယားနိုင်ငံရဲ့ အအောင်မြင်ဆုံး အမျိုးသမီးသရုပ်ဆောင်တစ်ဦးအဖြစ် ရပ်တည်နေသူလည်း ဖြစ်။

အနုပညာသတင်း မိုးမြင့်လင်းလက် စုစည်း၍ ထိန်လင်း စာမျက်နှာဖွဲ့စည်းသည်။

ကိုရီးယားသမ္မတနိုင်ငံ၏ လုပ်သားခေါ်ယူမှုစနစ်အကြောင်းရှင်းလင်း

ရန်ကုန် ဧပြီ ၂၈

ကိုရီးယားသမ္မတနိုင်ငံသို့ မြန်မာလူငယ်များ Employment Permit System(EPS) ဖြင့် အလုပ်သွားလုပ်နိုင်ရေးအတွက် နှစ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးအဆင့် သဘောတူစာချုပ်ကို ၂၀၀၇ခုနှစ် နိုဝင်ဘာ၂၈ရက်က လက်မှတ်ရေးထိုးပြီးဖြစ်ရာ ယင်းလုပ်ငန်းစဉ်အရ ကိုရီးယားနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Ms. Kim Yoon Hye ဦးစီးသောအဖွဲ့သည် EPS စနစ်နှင့်ပတ်သက်သောအချက်အလက်များ မြန်မာလူငယ်များသိရှိနားလည်စေရန် ရှင်းလင်းပွဲကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရွှေအင်း၀ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ဧပြီ၂၅ရက် နံနက်ပိုင်းက ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် တာဝန်ရှိသူတို့က ကိုရီးယားအစိုးရ၏ နိုင်ငံခြားလုပ်သား ခေါ်ယူခြင်းနှင့်စီမံခန့်ခွဲမှုကို အစိုးရကသာ တာဝန်ယူကြောင်း၊ နှစ်ဖက်အစိုးရကိုယ်စား ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းနဲ့ ရွှေအင်း၀ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ အခြားမည်သည့်ပုဂ္ဂလိကကုမ္ပဏီ၊ အကျိုးဆောင်၊ ပွဲစားမျှဆောင်ရွက်ခွင့်မရှိကြောင်း၊ ကိုရီးယားတွင် အလုပ်လုပ်မည့်သူဖြစ်၍ ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲကို အောင်မြင်ရမည်ဖြစ်ကြောင်း၊ စာမေးပွဲအောင်မြင်သူကိုသာ အလုပ်ရှာဖွေပေးနိုင်ကြောင်း ဦးစွာရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်သားခေါ်ယူမှုဆိုင်ရာများ၊ ရွေးချယ်ခန့်ထားခံရသော လုပ်သားဆိုင်ရာများ၊ ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲဆိုင်ရာများ၊ အလုပ်ခွင် အကြိုသင်တန်းကျောင်းဆိုင်ရာများ၊ အာမခံဆိုင်ရာများ၊ လုပ်ငန်းခွင်ရောက်ပြီးလုပ်ဆောင်ရမည်များနှင့် နိုင်ငံခြားလုပ်သား၏ အကျိုးခံစားခွင့်ကို ကာကွယ်စောင့်ရှောက်ပေးခြင်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှု အဖွဲ့အစည်း၏Homepage (www. hrd korea.or.kr)နှင့် ရွှေအင်း၀ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်းနှင့် သစ်သီးအလှပြုပြင်မှု သင်တန်းများဖွင့်မည်

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်း သင်တန်း (၁/၂၀၀၈) ကို မေ ၅ရက်မှ ၁၆ရက်အထိ နေ့စဉ်နံနက်၉ နာရီမှ ညနေ ၄ နာရီအတွင်း၌လည်းကောင်း၊ သစ်သီးအလှပြုပြင်နည်း (FRUIT CURVING) သင်တန်း (၁/၂၀၀၈)ကို မေ ၂၀ ရက်မှ ၃၀ ရက်အထိ နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ၃နာရီအတွင်း၌ လည်းကောင်း၊ သင်တန်းသား သင်တန်းသူ ၅၀ စီဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင် အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

တက်ရောက်

သင်တန်းကြေးအဖြစ် စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်းသင်တန်းတွင် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ် ၁၂၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၁၅၀၀၀၊ သစ်သီးအလှပြုပြင်မှုသင်တန်းတွင် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ် ၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက်ကျပ် ၈၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ **(၁၇၃)**

ကျောက်တံတားမြို့နယ် ဆူးလေဘုရား လမ်းအမှတ်၁၄၂၊ ၁၄၆ နေ ကိုပြည့်စုံအောင်-မဇင်မာလွင်မိသားစု(AA PHARMACY)မှ နှစ်ဖက်သောမိဘနှစ်ပါးအား အမှူးထား၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း နာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါ်ရီရီမြင့်တို့ လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲ
Flame အသင်း အနိုင်ရပြီး KKS အသင်း ကွာတားဖိုင်နယ်တက်ရောက်

အားကစားသတင်းမြင်ကွင်း–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

အမျိုးသားအလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲ၌ လယ်ယာ/ဆည်မြောင်း အသင်းက ရ·က·တ အသင်းဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။ (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၈ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲကို ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဧပြီ ၂၈ရက်က ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ကောင်းမွန်

ယူ–၂၀ (ကျား) ပြိုင်ပွဲများကို စတင်ကစားရာ Dragon နှင့် သံလွင် အသင်းတို့ပွဲက လက်ရည်တူပြီး အပြန်အလှန် ထိုးဖောက်ကစားနိုင်ကြသည်။ ယခင်နေ့ကထက်ပိုပြီး အချိတ်အဆက်မိမိ

“ကျွန်မတို့ အသင်း ခံစစ်ပိုကောင်းလို့ပါ”
ခင်မာချို
KKS နည်းပြ

ကစားနိုင်ခဲ့သော Dragon အသင်းက တစ်ဦးချင်း ဘောလုံးသယ်ယူမှု၊ ဂိုးသွင်းမှုများကောင်းမွန်သည်။ သံလွင်အသင်းက ယခင်နေ့က လက်စွမ်းမျိုး မပြနိုင်ဘဲ တစ်ဦးချင်း ဂိုးသွင်းမှုများ လွဲချော်နေခဲ့သဖြင့် ဂိုးသွင်းနိုင်သော်လည်း ဂိုးမဝင်ခဲ့ခြင်းဖြစ်သည်။ Dragon အသင်းခံစစ်၊ တိုက်စစ်မျှစွာ ကစားနိုင်ခဲ့ရာ ၅၂မှတ်–၄၃မှတ်ဖြင့် အနိုင်ရရှိသွားခဲ့သည်။

Eargo နှင့် လယ်ယာ/ဆည်မြောင်း အသင်းတို့ပွဲကား Eargo အသင်း ကစားသမားများ ယခင်နေ့ပွဲလို အချိတ်အဆက်မမိဘဲ ခံစစ်လည်း အားနည်းခဲ့သည်။ တစ်ဦးချင်းကပ်ခံစစ်များ နိုင်အောင်မကစားနိုင်ခဲ့သဖြင့် လယ်ယာ/ဆည်မြောင်း အသင်းက တစ်ဂိုးပြီးတစ်ဂိုး သွင်းကာ အမှတ်များ ဆက်တိုက်ယူသွားနိုင်ခဲ့သည်။

Eargo အသင်း ကစားသမား အပြောင်းအလဲလုပ်ပြီး ကစားအားတင်ခဲ့သော်လည်း လယ်ယာ/ဆည်မြောင်း အသင်းက ဇုန်ခံစစ်ကောင်းကောင်းဖြင့် ဟန့်တားနိုင်ခဲ့ရာ Eargo အသင်း

“အသင်းလိုက် စုစည်းမှု စိတ်ဓာတ်အား ကောင်းတာရယ်ကြောင့် အနိုင်ရခဲ့တာပါ” ညီညီအောင်
KKS အသင်း ကစားသမား

ထင်သလောက် ဂိုးမသွင်းနိုင်ခဲ့ချေ။ လယ်ယာ/ဆည်မြောင်း အသင်းက တန်ပြန်တိုက်စစ် မြန်မြန်ဖြင့် ကစားခဲ့မှုကြောင့် ၇၃ မှတ်–၂၈ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

“ဒီပွဲမှာ လက်ရည်တော့မကွာပါဘူး” ရဲမင်းအောင်
နေပြည်တော်ပျဉ်းမနားအသင်း
ကစားသမား

အချိန်ပို

ဆက်လက်ပြီး ယူ–၂၀ (ကျား) ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရေဝတီနှင့် Flame အသင်းတို့ လက်ရည်တူဖြစ်ကာ အကြိတ်အနယ် နွှဲခဲ့ရသည်။ ရေဝတီအသင်းက တိုက်စစ်၊ ခံစစ်တွင် အကုန်ဆင်း၊ အကုန်တက် လိုက်ပါကစားနိုင်သလို Flame အသင်းကလည်း ဇုန်ခံစစ်ကောင်းကောင်းဖြင့် လျှပ်တစ်ပြက်တန်ပြန် တိုက်စစ်ကို အဝေးပေးဘောများ သုံးကာ ဂိုးရအောင်သွင်းယူနိုင်ခဲ့သည်။ ရေဝတီက အနီးကပ်ဂိုးသွင်းမှုများ ကောင်းသလို Flame အသင်း တိုက်စစ်ကိုလည်း ဟန့်တားနိုင်သည်။ နှစ်သင်းစလုံးအမှတ်မကွာဘဲ ပွဲချိန်ပြည့်သည်အထိ အမှတ်တူနေသဖြင့် အချိန်ပို ဆက်လက် ကစားခဲ့ရသည်။ အချိန်ပို ကစားရာတွင်လည်း ဂိုးသွင်းပြီး အမှတ်ရရှိနိုင်ရေးနှစ်သင်းစလုံးမြန်နှုန်းမြင့်ကစားခဲ့ရာ Flame အသင်းက လျှပ်တစ်ပြက်တိုက်စစ်မှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ၈၃ မှတ်–အမှတ်၈၀ဖြင့် Flame အသင်း အနိုင်ရရှိသွားခဲ့ခြင်းဖြစ်သည်။

ထို့နောက် အလွတ်တန်း (ကျား) ဘတ်စကက်ဘောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ နေပြည်တော်ပျဉ်းမနားနှင့် KKS အသင်းတို့ အပြန်အလှန် ဂိုးသွင်းနိုင်ခဲ့သဖြင့် ပွဲကောင်းတစ်ပွဲလည်း ဖြစ်ခဲ့သည်။ အရပ်အမောင်း မြင့်မားသူများပါသော KKS အသင်းက ပထမပိုင်းကစားပုံများ အံဝင်ခွင်ကျမှုမရှိဘဲ ဖြစ်နေရာ နေပြည်တော် ပျဉ်းမနား အသင်းက ဖိကစားနိုင်ခဲ့သည်။ နေပြည်တော်ပျဉ်းမနား အသင်းက ပထမပိုင်း ပွဲချိန်များတွင် KKS အသင်း ဟန့်တားနေမှုများကြားမှ ဂိုးရအောင် ဖန်တီးသွင်းယူနိုင်ခဲ့ကြသည်။ သို့သော် ဒုတိယပိုင်းပွဲချိန်များတွင်မူ KKS အသင်းက တစ်ဦးချင်းခံစစ်ကောင်းကောင်းနှင့် ဇုန်ခံစစ်များ ကောင်းမွန်မှုကြောင့် အမှတ်များ ဆက်တိုက်ရယူနိုင်ခဲ့သည်။ နေပြည်တော်ပျဉ်းမနားအသင်းကစားအားကျသွားသဖြင့် KKS အသင်းက အဝေးသွင်းဂိုး၊ အနီးသွင်း ဂိုးများ သွင်းယူနိုင်ခဲ့ရာမှ KKS အသင်း အမှတ်များ ရရှိခဲ့ပြီး ၄၉မှတ်–အမှတ် ၄၀ဖြင့် အနိုင်ရရှိခဲ့ရာ အလွတ်တန်း(ကျား)ပြိုင်ပွဲ၌ KKS အသင်း ကွာတားဖိုင်နယ်တက်ရောက်ခဲ့ပြီဖြစ်သည်။

ခံစစ်ပိုကောင်း

ပွဲအပြီး KKS အသင်းနည်းပြ ဒေါ်ခင်မာချိုက ပြောကြားရာ၌ “ဒီပွဲနိုင်တာဟာ ကျွန်မတို့အသင်း ခံစစ်ပိုကောင်းလို့ပါ။ နောက်ပြီး ပြန်ကျဘောတွေကိုလည်း ကျွန်မတို့ ကစားသမားတွေ ကောင်းကောင်း အသုံးချနိုင်ခဲ့တယ်။ ပွဲနောက်ပိုင်းအချိန်တွေမှာ ကျွန်မတို့အသင်း ဂိုးတွေရအောင် သွင်းယူနိုင်ခဲ့တာကြောင့်ရယ်၊ အမှားနည်းတာကြောင့်မို့ အခုလို နိုင်ပွဲရပြီး ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်” လို့ ရှင်းပြသည်။

ထို့အတူ KKS အသင်းမှ ကစားသမား ညီညီအောင်က “ဒီပွဲမှာ ကျွန်တော်တို့ အသင်းလိုက် စုစည်းအားကောင်းတာရယ်၊ စိတ်ဓာတ်ကောင်းတာရယ်ကြောင့် အနိုင်ရခဲ့တာပါ။ ကျွန်တော်ဒီပွဲမှာလေးဂိုးသွင်းတာ သုံးဂိုးဝင်ခဲ့ပြီးကစားချိန်အတော်များများကို တော့ တစ်ဦးချင်းခံစစ်၊ ဇုန်ခံစစ်တွေကစားခဲ့ပါတယ်။ နေပြည်တော်ပျဉ်းမနား အသင်းကစားသမားတွေ့ရဲ့ လက်ရည်မြင့်တာတွေ့ရပါတယ်”ဟု ပြောကြားသည်။

ပထမဆုံး

ဆက်လက်ပြီး နေပြည်တော် ပျဉ်းမနား အသင်းမှ ကစားသမား ရဲဝင်းအောင်အား တွေ့ဆုံမေးမြန်းရာ “ဒီပွဲမှာ လက်ရည်တော့ မကွာပါဘူး၊ ကျွန်တော်တို့ ဂိုးသွင်း မသေချာလို့ ရှုံးခဲ့တာပါ။ နောက်ပြီး တိုက်စစ်လည်း အားနည်းခဲ့သလို ကွင်းလယ်ထိုးဖောက် တိုက်စစ်ဆင်မှုလည်း အားနည်းခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ နယ်မှာ အခုလို ရုံတွင်း လေ့ကျင့်မှုမရှိခဲ့တာကြောင့်ကစားကွင်း အသား မကျတာလည်းပါတယ်။ ဒီမှာက မှန်ဘုတ်တွေနဲ့ ဆိုတော့ ဂိုးသွင်းတဲ့အခါ ချိန်ဆရတာ လွဲချော်နေတာကြောင့် အမှတ်တွေမရတာလည်း ပါတယ်။ ရန်ကုန်ကို ပထမဆုံး လာပြိုင် တဲ့ပွဲဖြစ်ပြီး ပြိုင်ပွဲက ထွက်ခဲ့ရပေမယ့် နောက်ပြိုင်ပွဲတွေမှာ ဆက်လက်ယှဉ်ပြိုင်သွားမှာပါ” ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲများက ဧပြီ၂၉ရက် **(ယနေ့)** တွင် ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့
မန်ယူနှင့် ဘာစီလိုနာ၊ ချယ်လ်ဆီးနှင့် လီဗာပူးတို့ အနေအထား

မောင်ချစ်ကြည် စုစည်းသည်

လန်ဒန် ဧပြီ ၂၈

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲဒုတိယအကျော့ပွဲစဉ်အဖြစ် ဧပြီ၂၉ရက် **(ယနေ့)** (မြန်မာစံတော်ချိန် ဧပြီ ၃၀ရက် နံနက် ၁း၁၅ နာရီ)၌ မန်ယူနှင့် ဘာစီလိုနာတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဧပြီ ၃၀ ရက်တွင် ချယ်လ်ဆီးနှင့် လီဗာပူးတို့ အကြိတ်အနယ် ကစားကြတော့မည် ဖြစ်သည်။

မန်ယူနှင့် ဘာစီလိုနာတို့ပွဲနှင့် ပတ်သက်၍ အကျဉ်းချုပ်တင်ပြရလျှင် ချန်ပီယံလိဂ် အောင်မြင်မှု၌ မန်ယူက



ဘယ်လိုကစားရင် ရမယ်ဆိုတာ သိထားပါပြီ။ ရီကတ်

၁၉၆၇–၆၈ နှင့် ၁၉၉၈–၉၉ ခုနှစ်များ၌ ချန်ပီယံလိဂ်ဖလား ရရှိခဲ့သည့် မှတ်တိုင်ရှိသည်။ ယခုနှစ် အပါအဝင်ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့ ၁၃ ကြိမ် တက်ရောက်နိုင်ခဲ့သည်။

ပွဲ ၁၀၀ ပြည့်

မန်ယူက နောက်ဆုံးကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲပေါင်း ၁၁ ပွဲ၌ ရှုံးပွဲမရှိ ကစားနိုင်သည်။ မန်ယူတွင် လက်ရှိအချိန်၌ ရွန်နေနှင့် ဗီဒစ်တို့ ဒဏ်ရာရနေသဖြင့် ယခုပွဲတွင် ပါဝင်ကစားနိုင်ရန် မသေချာပေ။ ရွန်နေက ဧပြီ ၂၈ ရက် နံနက်က လေ့ကျင့်ရေးကွင်း၌ တင်ပါးဆုံရိုး ဒဏ်ရာရရှိခဲ့သလို ဗီဒစ်ကလည်း ဒူးဒဏ်ရာ မသက်သာသဖြင့် ပါဝင်ကစားရန် မသေချာခြင်းဖြစ်သည်။ ဒဏ်ရာကြောင့် နားနေရသည့် နဗီးလ် ယခုပွဲ၌ ချန်ပီယံလိဂ်ပွဲ ပေါင်း ၁၀၀ ပြည့်အဖြစ် ပါဝင်ကစားဖွယ် ရှိသည်။

မန်ယူတွင် စီရီနယ်ဒိုက ချန်ပီယံလိဂ်တွင် လက်ရှိအချိန်၌ ခုနစ်ဂိုးသွင်းထားသလို ယခုနှစ် မန်ယူအတွက် ၃၈ဂိုး သွင်းပေးထားသည်။ မန်ယူ၏ နောက်ဆုံးကစားခဲ့သည့် အိမ်ကွင်းငါးပွဲ၌ ရှုံးပွဲမရှိရလဒ်ရှိထားသည်။ မန်ယူနည်းပြ ဖာဂူဆန်က **“မိမိတို့ အိမ်ကွင်း၌ အမှားခံ၍မရကြောင်း၊ နိုင်ရမည် ဟူသောစိတ်ဓာတ် တစ်ခုတည်းသာထားပြီးကစားခိုင်းမှာဖြစ်ကြောင်း၊ ရွန်နေဒဏ်ရာ ရခြင်းမှာ ထိခိုက်မှုဖြစ်သော်လည်း ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း”** ပြောကြားထားသည်။

ဒဏ်ရာရနေ

ဘာစီလိုနာအသင်း၌ ကွင်းလယ် ကစားသမား ယာယာတိုရေး ခြေချင်းဝတ် ဒဏ်ရာရနေသဖြင့် ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း၊ အီမီလ်ဆင်နှင့် အစားထိုး ကစားမည်ဖြစ်ကြောင်း ၄င်းကလပ်က သတင်းထုတ်ပြန်သည်။ ထို့အတူ ရာဖေးလ် မားကွက်ဇ်လည်း ကြံ့ခိုင်မှုမပြည့်ဝသဖြင့် မကစားနိုင်သလို မက်ဆီလည်း ကြံ့ခိုင်မှု မပြည့်ဖြစ်နေရာ ပုံမှန် မလေ့ကျင့်နိုင် ဟုဆိုသည်။

ရီကတ်အပြော

ဘာစီလိုနာတို့ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်ရထားဖူးသလို အကြိုဗိုလ်လုပွဲသို့ ၂၃ကြိမ် တက်ရောက်ခဲ့ဖူးသည့် အစဉ်အလာရှိသော ဘာစီလိုနာတို့ နောက်ဆုံး ကစားခဲ့သည့် ချန်ပီယံလိဂ် အဝေးကွင်း ခုနစ်ပွဲကို ရှုံးပွဲမရှိ ကစားထားနိုင်သည်။ ဘာစီလိုနာ၌ ချန်ပီယံလိဂ် ၇၅ပွဲမြောက်ကစားမည့် ဇာဗီနှင့် ကားလက်စ်ပူယိုးလ်တို့ ပါဝင်ကစားကြမည်ဖြစ်သည်။ ယခုပွဲနှင့် ပတ်သက်ပြီး ဘာစီလိုနာ နည်းပြ ရီကတ်က **“အဝေးကွင်း၌ မန်ယူကို ခက်ခဲစွာ ကစားရမည်ကို သိထားကြောင်း၊ မိမိ ကစားသမားများ ပြိုင်ပွဲဝင်ရန် အသင့်ရှိနေပြီဖြစ်ကြောင်း၊ မန်ယူကို ဘယ်လိုကစားရင် အနိုင်ရမည်ကိုသိထားကြောင်း”** ပြောကြားထားသည်။ မန်ယူနှင့် ဘာစီလိုနာတို့ နောက်ဆုံး ဆုံတွေ့ခဲ့သည့် ရှစ်ပွဲတွင် မန်ယူက နှစ်ပွဲနိုင် ဘာစီလိုနာက နှစ်ပွဲနိုင်ထားပြီး လေးပွဲ သရေကျထားသည်။ သို့ဖြစ်ရာ မန်ယူနှင့် ဘာစီလိုနာတို့ မည်သည့်ဘက်မှ တစ်ဖက်စောင်းနင်း အသာမရဘဲ ချိန်ခွင်လျှာမျှနေသည်။ မန်ယူအနေဖြင့် အိမ်ရှင်အားသာမှု ရှိနေသည်။

အနိုင်စိတ်ဓာတ်နဲ့ ကစားသွားမယ်။ ဖာဂူဆန်။

ချယ်လ်ဆီးနှင့်လီဗာပူး

ချယ်လ်ဆီးနှင့် လီဗာပူးတို့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်ပြန်လည် ကစားမည်ဖြစ်ရာ လေ့ကျင့်ရေးဆင်းနေပြီဖြစ်သည်။ ချယ်လ်ဆီး၌ အက်ဆီယံ ကြံ့ခိုင်မှုမပြည့်ဝသဖြင့် မိမိစိုးရိမ်စိတ် ဖြစ်ရကြောင်း နည်းပြဂရန့်က ပြောကြားနေသည်။ ဂျိုးကိုးလ်နှင့် မက်ခီလီလီတို့ကို ယခုပွဲ၌ ထည့်သွင်းကစားမည်ဖြစ်ပြီး ဒဏ်ရာကြောင့် ကြံ့ခိုင်မှုမပြည့်ဖြစ်နေသော်လည်း ဒရော့ဘာကို ထုတ်သုံးမည်ဟု နည်းပြဂရန့်က ပြောကြားသည်။ မီခေးလ်ကလည်း သူ၏ ၂၁နှစ်မြောက် မွေးနေ့ပွဲအဖြစ် ပါဝင်ကစားမည်ဖြစ်သည်။ ချယ်လ်ဆီးက ချန်ပီယံလိဂ်ဖလားတစ်ကြိမ်မျှ မရခဲ့ဖူးသည့်အသင်း ဖြစ်သော်လည်း နောက်ဆုံးကစားခဲ့သည့် ချန်ပီယံလိဂ် ၁၀ပွဲ၌ နှစ်ပွဲရှုံးထားသည်။

တောရက်စ်

လီဗာပူး၌ ဒဏ်ရာရကစားသမား မရှိချေ။ တောရက်စ်က ပွဲတိုင်းနီးပါး ဂိုးသွင်းနေပြီး အသင်းလိုက် ကစားအားလည်း ကောင်းသည်။ ချန်ပီယံလိဂ် နောက်ဆုံးခုနစ်ပွဲ၌ တစ်ပွဲမျှမရှုံးသော အသင်းလည်းဖြစ်ပြီး ချန်ပီယံလိဂ်ဖလားလေးကြိမ် ရထားသည့်အသင်းဖြစ်သည်။ လီဗာပူးနှင့် ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်၌ လေးကြိမ်ဆုံတွေ့ဖူးရာ နှစ်ပွဲစီအနိုင်ရရှိထားသည်။ ဘင်နီတက်ဇ်နည်းပြကိုင်တွယ်ကတည်းက ချယ်လ်ဆီးနှင့် ၁၈ကြိမ် တွေ့ခဲ့ဖူးရာ လီဗာပူးက ငါးပွဲနိုင်၊ ငါးပွဲသရေ၊ ရှစ်ပွဲ ရှုံးထားသည်။ လောလောဆယ်တွင် ချယ်လ်ဆီးကွင်း၌ ယခုနှစ်ကာလင်းဖလား ကွာတားဖိုင်နယ်ပွဲတွင် ချယ်လ်ဆီးတို့က လီဗာပူးကို နှစ်ဂိုးပြတ် အနိုင်ရရှိထားသည်ဖြစ်ရာ အိမ်ကွင်းရှုံးပွဲမရှိသည့် ချယ်လ်ဆီးကို လီဗာပူးတို့ အကြိတ်အနယ် ကစားရမည်ဖြစ်ပါကြောင်း။ ။

(အင်တာနက်)

MRTV-4 အစီအစဉ်

၂၉-၄-၂၀၀၈ရက် (အင်္ဂါနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	“သံသရာတွဲလာတဲ့ ခန္ဓာမြင်အောင် ကြည့်စမ်းပါ” တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၀၀–၂း၀၀	ငှက်ဖျားတိုက်ဖျက်ရေး အကြောင်း သိကောင်းစရာ (ပါမောက္ခ ဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်အေး)
၈း၁၀–၂း၁၀	တေးဂီတအစီအစဉ်
၈း၁၅–၂း၁၅	Sunday Talk
၉း၂၀–၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅–၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅–၃း၃၅	စိတ်အားထက်သန် ဆန္ဒအမှန်
၉း၅၅–၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀–၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅–၄း၀၅	Biz Net
၁၀း၁၅–၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀–၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅–၄း၂၅	ပညာဒါနအလင်းဝေဖြာ သန်လျင်မြို့ ဆုထူးပန် သီရိမင်္ဂလာကန်တော်မှာ
၁၀း၄၀–၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅–၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀–၅း၀၀	စားချင်စဖွယ် နည်းအသွယ်သွယ် (သာကူပြင်အုန်းနို့ဆမ်း)
၁၁း၁၀–၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅–၅း၁၅	ရိုတာကပိုကောင်းပါတယ်
၁၁း၅၀–၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅–၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀–၆း၀၀	အနုပညာရပ်ဝန်းမှ ရှင်ခုန်သံများ ‘လိပ်ပြာဝှက်တမ်း’
၁၂း၃၅–၆း၃၅	Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင် မေစံပယ်ညို)
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Man Utd-Barcelona	ESPN (Live)

ရန်ကုန်တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အခြေခံပညာနှင့် အဆင့်မြင့်ပညာအဆင့် နွေရာသီသင်တန်းဖွင့်ပွဲများ ကျင်းပ

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အခြေခံပညာနှင့် အဆင့်မြင့်ပညာအဆင့် နွေရာသီသင်တန်းဖွင့်ပွဲများကို ဧပြီ၂၅ရက် နံနက် ၇ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် လှဌွေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်ကြပြီး တိုင်းမှူးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အဆို၊ အက၊ အရေး၊ အတီး သင်တန်းအလိုက် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက သင်တန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး အနုပညာရှင်များက အဆို၊ အက၊ အရေး၊ အတီးများဖြင့် သီဆိုဖျော်ဖြေကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က ပါဝင်ဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဆုငွေကျပ် သုံးသိန်း ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** အဆိုပါ ရန်ကုန်တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နွေရာသီ သင်တန်းသို့ အခြေခံပညာအဆင့်တွင် သင်တန်းသား ၁၅၇ ဦးနှင့် သင်တန်းသူ ၂၄၃ ဦး၊ အဆင့်မြင့်ပညာအဆင့်တွင် သင်တန်းသား ၈၃ ဦးနှင့် သင်တန်းသူ ၁၂၀ စုစုပေါင်း ၆၀၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၃၀ရက်အထိဖြစ်သည်။ **(သတင်းစဉ်)**

လှိုင်ကော်မြို့၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လှုံ့ဆော် မြေစိုက် ပိုစတာများစိုက်ထူ

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လှုံ့ဆော် မြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားများကို ဧပြီ၂၃ရက် နံနက်ပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျင်းပရာ သီရိမင်္ဂလာ ဈေးရှေ့၌ ‘ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့’ မြေစိုက်ပိုစတာကိုလည်းကောင်း၊ လွိုင်ကော်မြို့ အဝင်ရှိ အဝေးပြေးမော်တော်ယာဉ် ရပ်နားစခန်းရှေ့၌ ‘မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်’ မြေစိုက်ပိုစတာကို လည်းကောင်း၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများက ဝိုင်းဝန်း စုပေါင်းစိုက်ထူခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်တွင် စတင်ဆောက်လုပ်နေပြီဖြစ်သော သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း (သုံးထပ်ကျောင်းဆောင်) အတွက် မေတ္တာညွန့်ရပ်ကွက် စံပယ်လမ်း အမှတ် ၂၈နေ ဦးစိန်ဝင်း - ဒေါ်ချိုချိုမိသားစုက ဒုတိယအကြိမ် အလှူငွေကျပ်ငါးသိန်းကို ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ရှေ့မှောက်တွင် လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်က လက်ခံယူစဉ်။ (၁၇၁)

စုပေါင်းသီလခံယူပွဲ၊ စတုဒိသာကျွေးပွဲ ပရိတ်တရားနာပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် နယ်မြေ(၈) မိသားစုတို့က ၁၃၆၉ခုနှစ် မဟာသင်္ကြန်အတွင်း (၂၈)ကြိမ်မြောက် စုပေါင်း သီလခံယူပွဲ၊ စတုဒိသာ ကျွေးမွေးပွဲ၊ ပရိတ်တရားတော်နာယူပွဲနှင့် သက်ကြီးပူဇော်ပွဲတို့ကို ဧပြီ ၁၃ရက်မှ ၁၇ရက်အထိ အဆိုပါရပ်ကွက်၌ ကျင်းပရာ အဘိုး အဘွား ၅၀ တို့အား ပူဇော်ကန်တော့ကြပြီး ပရိတ်တရားတော် နာယူခဲ့ကြကြောင်း သိရသည်။

(က-ပ)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေးအိတ်ချိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၈

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဧပြီ ၂၀ရက်က မန္တလေးတိုင်း မတ္တရာမြို့ အော်တိုအိတ်ချိန်း၌ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ လက်ပန်လှ အိတ်ချိန်း၌ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းရုံးသစ် တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် အသစ်တပ်ဆင်လျက်ရှိသည့် လိုင်း၅၀၀ပါ ဒီဂျစ်တယ်အိတ်ချိန်းသစ် တပ်ဆင်ပြီးစီးမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းမှတစ်ဆင့် ဝန်ကြီးသည် စဥ့်ကူး အော်တိုအိတ်ချိန်း၌ အသစ်တင်ဆင်လျက်ရှိသည့် လိုင်း၅၀၀ပါ အိတ်ချိန်းသစ်တပ်ဆင်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း **(ယာပုံ)**၊ သပိတ်ကျင်းမြို့ အော်တိုအိတ်ချိန်း၌ အသစ်တပ်ဆင်လျက်ရှိသည့် လိုင်း ၄၀၀ပါ အိတ်ချိန်းသစ် တပ်ဆင်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကချင်ပြည်နယ် ရွှေကူမြို့ ဒီဂျစ်တယ်အော်တို အိတ်ချိန်း၌ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၈

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ကြိုဆိုနှုတ်ခွန်းစကား

အစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များအဖြစ် အသင်းတည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစား ပါမောက္ခ ဒေါ်ရီရီမြင့်၊ အသင်း၏ အကြံပေးများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်းနှင့် ဒေါ်ဝါဝါထွန်းတို့က ဆောင်ရွက်ကြသည်။ ရှေးဦးစွာမြန်မာ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂဟ လူမှုထူးချွန် (ပထမဆင့်) ဒေါ်ခင်မြင့်မြင့်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ထို့နောက် အသင်းအတွင်းရေးမှူး ဒေါ်လှဝတီက ၂၀၀၇-၂၀၀၈ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။ ယင်းနောက်အသင်းဘဏ္ဍာရေး အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်ဌေးယူက ၂၀၀၇-၂၀၀၈ခုနှစ် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစား ပါမောက္ခ ဒေါ်ရီရီမြင့်က နိဂုံးချုပ်စကား ပြောကြားသည်။ **(ယာပုံ)**

ဂါရဝပြုလက်ဆောင်ပေး

အစည်းအဝေးတွင် အထူးအစီအစဉ်အနေဖြင့်အသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂဟ လူမှုထူးချွန်ပထမဆင့် ဒေါ်ခင်မြင့်မြင့်က မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အသက်(၇၀)နှင့်အထက် ပုဂ္ဂိုလ်များအား ဂါရဝပြုလက်ဆောင်များ ပေးအပ်ကြသည်။ အသင်း၏(၁၃)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေ အစည်းအဝေးအထိမ်းအမှတ်အဖြစ် အသင်းသူများ၏ ဈေးရောင်းပွဲကို ကျင်းပပြီး ညစာစားပွဲကို ညနေ၆နာရီတွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပကြောင်း သတင်းရရှိသည်။ (က-ပ)

မြန်မာ့အလင်း မှုခင်းသတင်း

ရေစကြို-ပခုက္ကူ ခရီးသည်တင်ယာဉ်တိမ်းမှောက်

ရန်ကုန် ဧပြီ ၂၈

ရေစကြိုမြို့နယ် ကြို့ကျေးရွာနေ ယာဉ်မောင်း အောင်ကျော်မိုး(၂၂နှစ်) (ဘ) ဦးထွန်းကြိုင် မောင်းနှင်သည့် ခရီးသည်တင် ဟီးနိုးယာဉ်အမှတ် စ/၆၅၁၉သည် ဧပြီ၂၁ရက် နံနက် ၈ နာရီခန့်က ရေစကြိုမြို့နယ် ငါးမျှားလေးကျေးရွာမှ ပခုက္ကူမြို့သို့ ထွက်ခွာလာခဲ့ရာ ဆင်ကျုံးကျေးရွာထိပ်အရောက် ဝဲဘက်နောက်ဘီးရှပ်တန်းပြုတ်၍ ယာဉ်မှာဝဲဘက်သို့ တိမ်းမှောက်ခဲ့သည်။ ယင်းသို့ တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် မတင်တင်ခိုင် (၂၇နှစ်) (ဘ)ဦးရွှေ (ငါးမျှားလေးကျေးရွာ၊ ရေစကြိုမြို့နယ်)ပါ ၂၀တို့မှာ ဒဏ်ရာအသီးသီးရရှိခဲ့ကြသဖြင့် ပခုက္ကူမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ရေစကြိုမြို့နယ် ပခန်းကြီးရဲစခန်းမှ ယာဉ်မောင်း အောင်ကျော်မိုးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇/၃၃၈ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မိန်းကလေးငယ်တစ်ဦးအား ရွှေနားကွင်းလုယက်သတ်ဖြတ်မှု ဒိုက်ဦး၌ဖြစ်ပွား

ရန်ကုန် ဧပြီ ၂၈

ဒိုက်ဦးမြို့နယ် မအူတန်းကျေးရွာနေ မဝင်းမိုးလွင်(၇နှစ်) (ဘ) ဦးရွှေမိုးသည် ဧပြီ၂၁ရက် နံနက်၉နာရီက နေအိမ်တွင်မရှိဘဲ ပျောက်ဆုံးနေသဖြင့် မိဘ ဆွေမျိုးများမှ ရပ်ရွာတာဝန်ရှိသူများထံတိုင်ကြား၍ လိုက်လံရှာဖွေခဲ့ရာ ဧပြီ ၂၂ ရက် နံနက် ၇နာရီခွဲတွင် မအူတန်းချောင်းဘေး ချုံပုတ်အတွင်းမှ မဝင်းမိုးလွင်၏ အလောင်းအား ဦးခေါင်းနောက်ဘက်နှင့် လည်ကုပ်တို့တွင် ပြတ်ရှဒဏ်ရာများနှင့် နားတွင် ဝတ်ဆင်ထားသည့် ရွှေနားကွင်းတစ်ရန်မှာ ပျောက်ဆုံးလျက်ရှိကြောင်း တွေ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဧပြီ ၂၂ ရက်တွင် ဖခင်ဖြစ်သူ ဦးရွှေမိုးက အေးသုခရဲတပ်ဖွဲ့စခန်းသို့ သွားရောက်တိုင်ကြားခဲ့ရာ ရဲစခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၉၂ အရ အမှုဖွင့် စုံစမ်းဖော်ထုတ်ခဲ့သည်။ စုံစမ်းဖော်ထုတ်ချက်အရ တရားခံမှာ တစ်ရွာတည်းနေ နေဝင်း(၄၆နှစ်) (ဘ)ဦးအေးမောင်ဖြစ်ပြီး ၄င်းနှင့်အတူ သက်သေခံပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဖလမ်းမြို့၌ ကျန်းမာရေး အသိပညာပေး ညှိနှိုင်းစည်းဝေး

ဖလမ်း ဧပြီ ၁၃

ချင်းပြည်နယ် ဖလမ်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့၏ ဦးဆောင်မှုဖြင့် ဖလမ်းခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ညွန့်ဦးမောင်နှင့် အထူးကုဆရာဝန်ကြီးများသည် ဖလမ်းမြို့နယ် လိုင်ဖိုးကျေးရွာတွင် ဧပြီ ၆ ရက် မွန်းလွဲ ၁နာရီက ကျန်းမာရေး အသိပညာပေး ညှိနှိုင်းဆွေးနွေးကြသည်။

ရှေးဦးစွာ ဖလမ်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦးက အမှာစကား ပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ဦးမောင်က မျိုးဆက်ပွား ကျန်းမာရေး၊ အိတ်ချ်အိုင်ဗွီကင်းစင်သော သွေးကောင်း သွေးသန့်ရရှိရေး အသိပညာပေး ညှိနှိုင်းဆွေးနွေးသည်။

အခမဲ့ကုသ

ထို့နောက် အထူးကုဆရာဝန်ကြီးများက ကျေးရွာပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် အခမဲ့ ဆေးကုသခြင်းများ ပြုလုပ်ကြသည်။ ဆက်လက်၍ ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့က ကျေးရွာ ပြည်သူများအား အဝတ်အစား ၈၇ထည်၊ ငါးခြောက်၊ ဆား ၃၇ထုပ်ကို အခမဲ့ပေးဝေကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မြဝတီမြို့၌ ကုံကော်လမ်းနှင့် တပင်ရွှေထီးလမ်းဖွင့်

မြဝတီ ဧပြီ ၁၅

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီမြို့ ကိုယ့်အားကိုယ်ကိုး အမှတ်(၁)ရပ်ကွက်ကုံကော်လမ်းနှင့် အမှတ်(၃) ရပ်ကွက် တပင်ရွှေထီးလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက်က အဆိုပါ မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အမှတ်(၁)ရပ်ကွက် ကုံကော်လမ်းနှင့် အမှတ်(၃)ရပ်ကွက် တပင်ရွှေထီးလမ်းကို မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊အမှတ်(၁)ရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

အဆိုပါမုခ်ဦးကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ဌေးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆောင်ရွက်ခဲ့

အဆိုပါအမှတ်(၁)ရပ်ကွက် ကုံကော်လမ်းကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၈၀၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ပြီး ကုံကော်လမ်း ဒုတိယအပိုင်းကို စည်ပင်သာယာရေးအဖွဲ့ ထည့်ဝင်ငွေကျပ် ၁၇၄၀၀၀၀၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၁၁၈၀၀၀၀နှင့် အမှတ်(၃)ရပ်ကွက် တပင်ရွှေထီး လမ်းကို စည်ပင်သာယာရေးအဖွဲ့ ထည့်ဝင်ငွေကျပ် ၁၆၂၀၀၀၀၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထည့်ဝင်ငွေ ကျပ် ၆၀၀၀၀၀၊ ပြည်သူများထည့်ဝင်ငွေကျပ် ၁၁၃၄၀၀၀ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ရပ်စောက်-ဖောင်းတော ကျေးလက်ကျောက်ချောလမ်း အပိုင်း(၆) ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက်က လမ်းထိပ်မုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြဝင်းနှင့် ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့ မီးဘေးကြိုတင်ကာကွယ် တားဆီးရေးကော်မတီသို့ မီးသတ်စက်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ဖြူး ဧပြီ ၁၅

ပဲခူးတိုင်း ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်စီစဉ်မှုဖြင့် မြို့နယ်မီးဘေးကြိုတင်ကာကွယ် တားဆီးရေး ကြီးကြပ်မှုကော်မတီမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စု မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီများသို့ မီးသတ်စက်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၅ရက် နံနက် ၉နာရီက ဖြူးမြို့ စည်ပင်သာယာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က မီးသတ်စက်များနှင့် အလှူငွေလွှဲပြောင်း ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့ပေါ် ရှစ်ရပ်ကွက်နှင့် ရေသျှံကြီး ကျေးရွာအုပ်စု၊ ရွာတန်းရှည် ကျေးရွာအုပ်စု မီးဘေးကြိုတင် ကာကွယ် တားဆီးရေး ကြီးကြပ်မှုကော်မတီများက ကျပ်နှစ်သိန်းငါးသောင်းတန် မီးစက်တစ်လုံးစီကို လည်းကောင်း၊ ဖြူးဒေသ၊ ဇေယျာဝတီဒေသ၊ ညောင်ပင်သာဒေသနှင့် ကညွတ်ကွင်းဒေသတို့က အလှူငွေကျပ်ငါးသောင်းစီကိုလည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ကြပြီး(**အပေါ်ယာပုံ**)မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က မီးသတ်စက်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးအေးသန်းသို့ လွှဲပြောင်းပေးအပ်သည်။ (ဝ၅၁)

ဇီဝဓာတ်ငွေ့ အစားထိုးလောင်စာ ထုတ်လုပ်မှုပညာပေး

မိုးညှင်း ဧပြီ ၁၈

ကြက်ဆူပင်စိုက်ပျိုးမှုနှင့် ဇီဝဓာတ်ငွေ့ အစားထိုးလောင်စာထုတ်လုပ်မှု အသိပညာပေးဟောပြောပွဲကို မတ်၂၁ရက်က မိုးညှင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မိုးညှင်းခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်လှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ရုပ်ရှင်နှင့် စာပေအနုပညာရှင်များဖြစ်သည့် ဒါရိုက်တာ ဖွန်မောင်မောင်၊ ဒါရိုက်တာဘုန်းဝေနှင့် စာရေးဆရာသန်လျင်မောင်မောင်ဦးတို့က အသိပညာပေး ဟောပြောပွဲများ ကျင်းပကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ခရီးသွားပြည်သူများ ကြည့်ရှုအပန်းဖြေနိုင်ရန် ရုပ်မြင်သံကြားပြစက်နှင့် ဒီဗွီဒီစက်လှူဒါန်း

မြစ်သား ဧပြီ ၂၀

မြစ်သား မြို့နယ် မြန်မာ့မီးရထားလုပ်ငန်း မြစ်သား ဘူတာရုံတွင် ခရီးသွား ပြည်သူများ ကြည့်ရှု အပန်းဖြေနိုင်စေရန် ရုပ်မြင်သံကြားပြစက်နှင့် ဒီဗွီဒီစက် တို့ကို မြစ်သားမြို့ မင်းကုန်းရပ်ကွက်နေ အဓမ်းသီးနှံ ပွဲရုံပိုင်ရှင် ဦးစိုး-ဒေါက်တာ သွယ်သွယ်တိုး မိသားစုက တန်ဖိုးငွေ စုစုပေါင်း ငွေကျပ်ငါးသိန်းဖြင့် ဝယ်ယူ၍ မတ် ၂၉ရက် နံနက် ၈ နာရီက မြစ်သား ဘူတာရုံပိုင်ကြီးဦးမျိုးသိန်းထွန်းသို့ ပေးအပ် လှူဒါန်းသည်။

ယင်းအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ *(က-ပ)*

အမြို့မြို့ အနယ်နယ် သတင်းများ

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ မတ် ၂၀ရက်က ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော (မြို့ပြ) အမှတ်(၆)လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

အလေးချိန်ခွင် မှန်ကန်ရေး ဆောင်ရွက်

မိုးကောင်း ဧပြီ ၁၅

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၏ ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး(ဈေး) ဦးဆန်းအောင်နှင့် ဝန်ထမ်းများသည် မတ် ၂၃ရက်က အဖွဲ့ပိုင် မိုးကောင်းမြို့ မြို့မဈေးအတွင်းရှိ အခြေခံစားသောက်ကုန်နှင့် သားငါး အရောင်းဆိုင်များ၌ အသုံးပြုနေသော အလေးချိန်ခွင်များ မှန်ကန်မှုရှိစေရေးအတွက် လိုက်လံစစ်ဆေးဆောင်ရွက်ကြကြောင်း သိရသည်။ (ဝဝ၁)

ညောင်တုန်း မြို့မစည်ပင်သာယာ ဈေးကြီးတွင်း မီးငြိမ်းသတ်ရေး ဇာတ်တိုက် သရုပ်ပြလေ့ကျင့်ပွဲကို ဧပြီ၇ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ ဦးစီးအရာရှိ ဦးတိုးအောင်လွင်၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးခင်ထွေးနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးစည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များ စုပေါင်းလက်တွေ့ ဇာတ်တိုက်လေ့ကျင့်ကြစဉ်။ (၁၅၂)

အင်းတော်မြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

အင်းတော် ဧပြီ ၁၅

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် နန်းကင်ရွာ ဂန္ဓဝင်ပဋ္ဌိပတ္တိသာသနာ့ရိပ်သာ မရိစဝဋ္ဌိ နှစ်ထပ်ကျောင်းဆောင် သစ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကိုဧပြီ ၁ ရက်နံနက် ၈နာရီက အဆိုပါလမ်းသစ်မုခ်ဦး၌ကျင်းပရာ နန်းကင်ရွာ ဂန္ဓဝင်ပဋ္ဌိပတ္တိ သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တဝါယမိန္ဒ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝ၃ဝ)

သုဝဏ္ဏမြို့ ၂၄ရပ်ကွက် ဘော်ဇင်၂လမ်း အမှတ် ၂၃/၃ နေ ဦးစိန်မင်းအား ရည်စူး၍ ဇနီးဒေါ်တင်ကြည်နှင့် သမီး မသွင်သွင်စိုး၊ မခင်သင်းကြည်၊ မခင်သန္တာအေးကြည်၊ မြေး မအိသန္တာ မိသားစုက ကြေးပြားလေးချပ်ကို ကြေးပို့ရှကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

မင်းဘူး(စကု) မဂ္ဂဇင်းအတွက် စာမူများပေးပို့နိုင်

မင်းဘူး ဧပြီ ၇

မင်းဘူး(စကု)မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် မင်းဘူး(စကု)မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ မင်းဘူး(စကု) မဂ္ဂဇင်းကို ထုတ်ဝေမည်ဖြစ်ရာ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးနှင့် ကာတွန်းစာမူများကို မင်းဘူး(စကု) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၀၆၅-၂၁၀၀၇၊ ဦးသိန်းထွန်းအောင် ဦးစီးအရာရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဖုန်း-၀၆၅-၂၁၃၄၇နှင့် ဦးခင်လတ် (ထက်ကောင်းလတ်-မင်းဘူး) ဥက္ကဋ္ဌမြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ တို့သို့ မေ ၁၅ ရက် နောက်ဆုံးထားပေးပို့နိုင်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ပြည်ခရိုင် ရွှေတောင်မြို့ သမိုင်းဝင်ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး၊ မျက်နှာကြက်တော်တပ်ဆင်ပူဇော်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၃၀ရက်က ရွှေမျက်မှန်ဘုရားကြီး ဂန္ဓကုဋိတိုက်တွင် ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့်ဇနီး ဒေါ်သိန်းပိုင်မိသားစုက ငွေကျပ်ရှစ်သိန်းတစ်သောင်းကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၀၅၈)

မတ် ၃၁ ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းသန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု၊ ဈေးဆိုင်ခန်းများ တည်ခင်းရောင်းချမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုကို ရွှေဘို ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုစစ်ဆေးရာအမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးနီထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူမြို့၌ ရဲကျင့်ဝတ် စာမေးပွဲဖြေဆို

ပခုက္ကူ ဧပြီ ၂၅

ပခုက္ကူခရိုင်ရဲတပ်ဖွဲ့ လက်အောက်ရှိ မြို့နယ်ငါးမြို့နယ်မှ ရဲအရာရှိ အခြားအဆင့်ရဲတပ်ဖွဲ့ဝင်များ၏ ၂၀၀၈ခုနှစ် စံပြရဲ ရဲကျင့်ဝတ်ရေးဖြေ စာမေးပွဲကို ဧပြီ ၂၃ရက်နံနက် ၉နာရီက ပခုက္ကူမြို့ အလက(၁)ကျောင်းခန်းမ၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းစိန်နှင့် ရဲအရာရှိများက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (၀၇၀)

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဧပြီ ၂၈

ယခု ဆောက်လုပ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ ပညာဒါနပြုလိုသူ အလှူရှင်များက အလှူငွေများလှူဒါန်းလျက်ရှိရာ စေတနာရှင်ဒေါ်တင်နွယ်အေးမိသားစု မြန်မာသံရုံး ဒါကာမြို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မဟာသိပ္ပံ ဘက်စုံရန်ပုံငွေအတွက် အလှူငွေ FEC ၃၀၀ ကို ဗိုလ်အောင်ကျော်လမ်း အမှတ်(၂၉၅-၂၉၇) သာစုကာရီဓမ္မာရုံတွင် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံဥက္ကဋ္ဌ၊ ဒုတိယပါမောက္ခချုပ် အငြိမ်းစားသံအမတ်ကြီး ဦးမြသန်းအား ပေးအပ်လှူဒါန်းရာ မဟာသိပ္ပံ၏ ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင်အား ပြန်လည်ပေးအပ်သည်။**(အောက်ပုံ)**

လှူဒါန်းနိုင်

ဗုဒ္ဓအဘိဓမ္မာ ကမ္ဘာသို့ပြန့်ပွားရေးအတွက် ပညာအလှူ လှူဒါန်းလိုသော စေတနာရှင်များသည် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ (I.I.A)တွင် အဘိဓမ္မာ ကျမ်းစာအုပ်များအတွက်လည်းကောင်း၊ မဟာသိပ္ပံအဆောက်အအုံ ဆောက်လုပ်ရန်အတွက်လည်းကောင်း၊ မဟာသိပ္ပံဘက်စုံရန်ပုံငွေအတွက်သော်လည်းကောင်း ဖုန်း-၂၅၄၁၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြစ်ကြီးနားမြို့၌ ပန်းများဖူးပွင့်စေရန် ရွှေ့ပြောင်းစိုက်ပျိုး

မြစ်ကြီးနား ဧပြီ ၁၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် လမ်းလယ်ကျွန်းပန်းပေါင်များနှင့် ပန်းဥယျာဉ်များတွင် ၁၂လ ရာသီလုံးပန်းများ ဖူးပွင့် နေစေရန်အတွက် ရွှေ့ပြောင်းစိုက်ပျိုးခြင်းနှင့် အစားထိုးစိုက်ပျိုးခြင်း တို့ကို စဉ်ဆက်မပြတ်စိုက်ပျိုးလျက်ရှိရာ ဧပြီ ၃ရက်က အဖွဲ့ဝန်ထမ်းများသည် ပြည်ထောင်စုလမ်း၊ ဆွမ်ပရာဘွမ်လမ်းမကြီးနှင့် သခင်နက်ဖေလမ်း လမ်းလယ်ကျွန်း ပန်းပေါင်များတွင် ပျိုးပင်များ အစားထိုးစိုက်ပျိုးခြင်း၊ လမ်းဘေးဝဲယာစိမ်းလန်းမြေတွင် စက္ကူပန်း၊ ခရာဝါ၊ ရွက်လှ၊ ပန်းအိ၊ နွယ်သာကီပန်းများ ဖြည့်စွက်စိုက်ပျိုးခြင်းတို့ကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အုတ်ဖိုမြို့ဝင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဧပြီ ၁ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်ကွင်းဆင်းစစ်ဆေးစဉ်။ (၀၇၄)

စုဠဘွဲ့နှင်းပွဲ ခင်ဦးမြို့၌ ကျင်းပ

ခင်ဦး ဧပြီ ၁၈

ခင်ဦးမြို့ အောင်သီရိရပ်ကွက် မြေထူးကျောင်းတိုက်၌ ၂၀၀၇ခုနှစ်(ပထမပြန်)စာမေးပွဲဖြေဆိုအောင်မြင်ခဲ့သော စာအောင်သံဃာတော် ၄၃ပါးအား ပဋ္ဌမကြိမ်မြောက် စုဠဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၂၇ရက် နံနက်ကကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တသုဇာတက ငါးပါးသီလချီးမြှင့်သည်။

အခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းက စာအောင်ဆုနှင့် အောင်လက်မှတ်များဆက်ကပ်လှူဒါန်းရာ ဆရာတော် ဘဒ္ဒန္တသုဇာတက သာစုအနုမောဒနာ ရေစက်ချတရား ဟောကြားကြောင်း သိရသည်။ (က-ပ)

ယင်းမာပင်မြို့ မောက်လုပ်ကျေးရွာ မူလတန်းလွန် ကျောင်းဆောင်သစ်ဖွင့်

ယင်းမာပင် ဧပြီ ၁၂

မုံရွာခရိုင် ယင်းမာပင်မြို့နယ် မောက်လုပ်ကျေးရွာ၌ အခြေခံပညာ မူလတန်းလွန်ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၆ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မောက်လုပ်ကျေးရွာ နှစ်ထပ်ကျောင်းဆောင်သစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးတင်ဦးက ကျောင်းဆောင်သစ်ပေးအပ်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစိုးတင့်အောင်က ကျောင်းသမိုင်းကို ရှင်းလင်းတင်ပြသည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်၏ အကျယ်အဝန်းမှာ (၁၂၃x၃၀x၁၈)ပေ ဖြစ်ပြီး နိုင်ငံတော်က ထောက်ပံ့ငွေကျပ် သိန်း ၅၀နှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် သိန်း၃၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း၃၅၀ဖြင့် ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

"ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုန်း"

၁။ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင် အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

၂။ ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

၃။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၅အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

၄။ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

မတ် ၂၈ရက်က မကွေးတိုင်း ပေါက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမြင့်သူ အဖွဲ့ ပိုင်ဈေး မီးဘေးလုံခြုံရေးအတွက် မီးသတ်တပ်ဖွဲ့နှင့်လျှပ်စစ်ဌာနမှ တာဝန်ရှိသူများဖြင့် ပူးပေါင်း၍ ကွင်း ဆင်း စစ်ဆေးစဉ်။(က-ပ)

FAME GANOCAN®
လင်ဇီးဆေးတောင့်

ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ် အလက (၅) အင္ဂမတန်း(C)မှ မအိအိခိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ငြိမ်း ၁၂/မရက(နိုင်)၁၂၆၇၇၂ ဖြစ်ပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၂၃၆၇၉ ဟွန်ဒါC-90 K ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝေ မှတ်ပုံတင်အမှတ် ၁၀/မလမ(နိုင်)၁၀၅၃၅၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)။

အမည်ပြောင်း

ဦးကံငွေး၏သားမန္တလေးအထက (၁၅) နဝမတန်း(D)မှ မောင်ရာပြည့်နောင်အား မောင်ရာပြည့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရာပြည့်။

ဖခင်အမည်မှန်

အထက(၃) မြောက်ဥက္ကလာ တက္ကသိုလ်ဝင်တန်း(I)မှ မနန်းစန္ဒာ၏ ဖခင် အမည်မှန်မှာ ဦးရဲမြင့်နိုင် ၁၃/ဆဆန(နိုင်)၀၀၀၉၉၃ ဖြစ်ပါကြောင်း။

အမည်ပြောင်း အဖဦးတင်ထွန်းအေး၏သား မြိတ်မြို့ အထက(၂)တွင် ပညာသင်ကြားနေသော မောင်ကျော်ကိုကိုထက်အား မှတ်ပုံတင်စာရင်းအရ မောင်ကျော်ကိုကိုထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ကိုကိုထွန်း ၆/မမန(နိုင်) ၁၇၁၁၂၈။**



မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

နိုင်ငံတကာသတင်းဂျာနယ်များမှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်-

ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း-၂၉၂၈၃၀၊ ၂၉၁၄၅၄

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ကျပ်၁၀၀

(ဖတ်ရှုလိုသူများနီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင်မှာယူနိုင်ပါသည်)

သာယာဝတီ၌ မူလတန်း(လွန်)ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

သာယာဝတီ ဧပြီ ၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင်သာယာဝတီမြို့နယ် ဖားရွှေကျော်ကျေးရွာအုပ်စု ရွှေညောင်ပင်ကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်းတွင် ကိုယ့်အားကိုယ်ကိုး မူလတန်း(လွန်) ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲ၊ ဖွင့်ပွဲ၊ ရေတွင်း၊ ရေစင်၊ ရေစက်၊ မီးစက်၊ ထာဝရငွေပဒေသာပင်၊ မီဒီယာပစ္စည်းများလှူဒါန်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသစ်ကို လက်ထောက်မြို့နယ် ပညာရေးမှူး ကိုဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူးဦးသန်းအောင်၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်လွင်ဦး၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျောင်းဆောင်သစ် ရွေးရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို နာယက ဦးကျော်စိန်က လည်းကောင်း၊ ကျောင်းမြေနှင့်ပတ်သက်သည့်စာရွက်စာတမ်းများကို ကျောင်းမြေအလှူရှင် ဦးစံမြင့်ကလည်းကောင်း၊ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အထိမ်းအမှတ်အလံကို ကျောင်းအုပ်ဆရာကြီး ဦးမြင့်သန်းဦးက လည်းကောင်း၊ ရေတွင်းရေစက်၊ မီးစက်အတွက် အလှူရှင်ဦးစံအုန်း-ဒေါ်သန်းလှတို့က အလှူငွေကျပ်သိန်း၂၀ကိုလည်းကောင်း၊ ကျောင်းဆောင်သစ်အတွက် ကုန်ကျငွေကျပ်သိန်း ၉၀ကို ကျောင်းဆောက်လုပ်ရေးကော်မတီ ဦးဖုံးမှန်နှင့် ဦးကံမြင့်တို့ကလည်းကောင်း၊ ထာဝရငွေပဒေသာပင် အလှူရှင်ရှစ်ဦးတို့က အလှူငွေကျပ် ၅၁၆၀၀၀ကိုလည်းကောင်း၊ ၂၁လက်မတီဗွီကို ဦးမြင့်လွင်-ဒေါ်လှလှဌေးနှင့် ဒီဗွီဒီကို ဦးလှကြိုင်မိသားစုတို့က လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖခင်ကြီးဦးဘိုးရွှေ-မိခင်ကြီးဒေါ်ချိုတ်၊ အဒေါ် ဒေါ်အေးတင်တို့အား ရည်စူး၍ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ်-၄၇နေ ဦးထွန်းရှင်-ဒေါ်ရီရီမိသားစုက ဒဂုံမြို့နယ် အမှတ်၁၆စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ ဓမ္မဒါန၊ဆွမ်း၊ ရေ၊ မီး၊ ဆေးနှင့် ရာပြည့်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ခုနစ်သိန်းကို တိပိဋကကျောင်း အနုနာယကဆရာတော် ဦးနန္ဒကထံမှ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

မ န္တ လေး မြို့ အောင် မြေ သာ စံ မြို့နယ်သစ်သီးမျိုးစုံရောင်းဝယ်ရေးမှ မချို ခေါင်းဆောင်သော ကုသိုလ်ရှင်များက ဆာတောင်စံပြရွာ ကိုယ့်အားကိုယ်ကိုး ခုတင်၄၀ဆံ့ သီတဂူဖြပ်မှာယုဆေးရုံအတွက် အလှူငွေကျပ် နှစ်သိန်းကို အကျိုးတော်ဆောင်ချုပ် ဂန္ဓာမြိုင်ဆရာတော် ဘဒ္ဒန္တနန္ဒာသဘ ထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

စဉ့်ကိုင်မြို့၌ စေတီတော်များ ပြုပြင်မွမ်းမံ

ရန်ကုန် ဧပြီ ၂၈

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ချောင်းပတ်ကျေးရွာ မဟာစေတျာရာမချောင်းပတ်ကျောင်းတိုက်ကြီး အတွင်း၌ ရှေးနှစ်ပေါင်းရာကျော်က တည်ထားကိုးကွယ်ခဲ့သော စေတီတော်များအား ပြုပြင်မွမ်းမံရန်အတွက် မဟာစေတျာရာမ-မဟာသန္တိသုခတို့၏ ဆရာတော် မိုးကုတ်ဝိပဿနာနယ်လှည့်ဓမ္မကထိကကမ္မဋ္ဌာနာစရိယ(မိုဃ်းကောင်း)အရှင် စန္ဒိမာဝံသ အရှင်သူမြတ်ထံတွင် မိခင်ကြီးဒေါ်စံသာအား အမှူးထား၍ ဒေါ်ခင်ထွေး၊ သားသမီးမြေးတစ်စု အမှတ် ၆၇ဘူတာရုံလမ်း ၁၂ ရပ်ကွက် ရန်ကင်းက အလှူတော်ငွေကျပ် ရှစ်သိန်းကို ဧပြီ ၂၅ရက်က လည်းကောင်း၊ ဒေါ်ညွန့်သန်းနှင့် ဦးသန်းဝင်း-ဒေါ်မြမြစိန်၊ သမီးခိုင်ယဉ်ဝင်း၊ ချိုလဲ့ဝင်း မိသားစု အမှတ် ၃၆၃ ရွှေသစ္စာလမ်းသွယ် ၁၃ရပ်ကွက် ရန်ကင်းက အလှူတော်ငွေကျပ် ခုနစ်သိန်းကို ဧပြီ၂၆ရက်က လည်းကောင်း လာရောက်လှူဒါန်းသည်။

အလှူရှင်များလှူဒါန်း လိုပါက မိုးကုတ်ဝိပဿနာနယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ(မိုဃ်းကောင်း) အရှင်စန္ဒိမာဝံသထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လှိုင်သာယာမြို့နယ် အမှတ်(၈) ရပ်ကွက်ရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ် ၅၁၀ဖွင့်ပွဲနှင့် ရိပ်သာအဆောက်အအုံ အလှူငွေပေးအပ်ပွဲကို ဧပြီ၁ရက်က သီရိမင်္ဂလာဓမ္မရိပ်သာ၌ ကျင်းပရာ အလှူရှင် ဒုတိယ ဗိုလ်မှူးကြီး မြင့်သိန်း - ဒေါက်တာ ဒေါ်ဝင်းဝင်းမြင့်(ထူးဆေးခန်း)၊ ဦးလွင်- ဒေါ်ခင်ထွေး၊ ဦးကျော်ကျော် (ကျော်သစ်စက်)-ဒေါ်သိမ်းလှတို့စုပေါင်း၍ အလှူငွေကျပ် ၁၈သိန်း ခုနစ်သောင်း လှူဒါန်းရာ မြို့နယ် သံဃနာယကဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ပညာရည်ချွန်ဆုနှင့် အားကစားဆုများ ချီးမြှင့်

နေပြည်တော်တပ်ကုန်း ဧပြီ ၁၀

နေပြည်တော်တပ်ကုန်း မန်ကျီးပင်ကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၌ မတ် ၂၇ရက် မွန်းလွဲ ၂နာရီက ပညာရည်ချွန်ဆုပေးပွဲနှင့် အားကစားဆု ပေးအပ်ပွဲကို ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုရရှိသူများနှင့် အားကစားဆုရသူများအား ဆုများချီးမြှင့်သည်။ **(အပေါ်ပုံ)** ထို့နောက် အငြိမ်းစားဆရာ ဆရာမများအား ဆရာမကြီးဒေါ်ခင်မြင့်လှိုင်နှင့် အလှူရှင်ဦးကိုလတ်(ကိုလတ်-ဓာတ်ပုံလုပ်ငန်း)တို့က လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(စာပေနှင့်စာနယ်ဇင်း)**

သရုပ်ပြ

ဧပြီ၇ရက်က မွန်ပြည်နယ် ရေးမြို့ အဏ္ဏဝါရပ်ကွက်ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဆီဆိုင်အမှတ် (၀၈၆၄)တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူးဦးအောင်ရဲမင်း ဦးဆောင်၍ ဆီဆိုင်ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပညာပါရမီစာကြည့်တိုက်အဆောက်အအုံ မြင်းမူ၌ဖွင့်

မြင်းမူ ဧပြီ ၁၅

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် လက်ပန်ကျင်းကျေးရွာ ပညာပါရမီ စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ရက် ည ၇နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံ မျက်နှာစာ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာပါရမီစာကြည့်တိုက် နာယကဆရာတော် ဘဒ္ဒန္တအာလောဘာသ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းမြင့်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် ပညာပါရမီ စာကြည့်တိုက် နာယကဆရာတော် ဘဒ္ဒန္တအာလောဘာသက ဩဝါဒစကားချီးမြှင့်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းမြင့်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ခိုင်မာရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါစာကြည့်တိုက် အဆောက်အအုံသည် အလျားပေ ၂၀၊ အနံ ၁၅ပေ၊ အမြင့် ၁၀ပေ၊ သွပ်မိုး၊ အုတ်ခင်း၊ အုတ်ကာ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကုန်ကျစရိတ်မှာ ငွေကျပ်၂၅သိန်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

- မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . .
- လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . .
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . .
- နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . .
- နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . .

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

တိုင်းရင်းသားအားလုံးရဲ့အသံ

အစုအဖွဲ့ (၈)ဖွဲ့နဲ့
ဖွင့်လှစ်ခဲ့ ညီလာခံ၊
အမျိုးသားရေး နီးကြားသွေးနဲ့
ရေးဆွဲခဲ့အမှန်။
တိုင်းရင်းသားအားလုံးရဲ့ အသံ
အခြေခံဥပဒေမူကြမ်း၊
မိုးနဘံ ဒို့အသံရောက်အောင်
ထောက်ခံလိုက်စမ်း။ ။

သီရိခင်(ဒဂုံ)

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
  ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
  အခြေခံဥပဒေဖြင့်သာ
  ဒီမိုကရေစီ ရနိုင်သည်။

- ဒို့အနာဂတ် ဒို့ဖန်တီးဖို့
  အခြေခံဥပဒေ အတည်ပြုစို့။

ဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးသက်လေပြင်း တိုက်ခတ်နိုင်

နေပြည်တော် ဧပြီ ၂၈

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း နာဂီသည် မြောက်ဘက်အရပ်ဆီသို့ တဖြည်းဖြည်းရွေ့လျားလာခဲ့ရာ ကိုကိုးကျွန်းမြို့၏ အနောက်မြောက်ယွန်းယွန်း မိုင် ၅၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်အရှေ့ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မိုးသက်လေပြင်း

မုန်တိုင်း၏အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက် ၄၈နာရီအတွင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း
ဆောင်းပါးအညွှန်း
လူတိုင်းတာဝန်ကျေပွန်မှ အားလုံးအခွင့်အရေးရမည်
ခိုင်းသိဟ၏ဆောင်းပါး စာ-၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၈)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် နေပြည်တော်လယ်ဝေးရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

အမျိုးသားကျန်းမာရေးကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)